မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလပြည့်နေ့၊ ၂၀၀၉ ခုနှစ်၊ မေ ၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၉၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

KNU ၏ ရည်မှန်းချက်နှင့် လုပ်ဆောင်ချက်များသည် ကရင်ပြည်သူလူထု ကောင်းစားရေးနှင့် အလုမ်းဝေးရုံမျှမက ဒုက္ခတွင်းထဲသို့သာ တွန်းပို့နေကြောင်းကို အဆုံးတိုင်သိမြင်လာ

ထို့ကော်ကိုးကျေးရွာသို့ လာရောက်ပူးပေါင်းသော KNU သောင်းကျန်းသူအဖွဲ့မှ ကွယ်လွန်သူ KNU/KNLA ဥက္ကဋ္ဌဟောင်း စောဘိုမြ၏သား ဗိုလ်ကြီးအဆင့်ရှိ စောနေစိုးမြ ဦးစီးအဖွဲ့ဝင် မိသားစုများအား

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့က လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ ကြိုဆို

နေပြည်တော် မေ ၈

နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် လွတ်လပ်ရေးရစဉ်ကတည်းက ပေါ်ပေါက်လာခဲ့သော လက်နက်ကိုင်ဆန့်ကျင်ဘက် အဖွဲ့အစည်းများအား တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာစေရန် စိတ်ကောင်း စေတနာကောင်းနှင့် ဖိတ်ခေါ်ကမ်းလှမ်း ကြိုဆိုလျက်ရှိသည်။

လက်တွဲခေါ်ယူ

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ညီညွတ်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် ဖြစ်ပေါ်လာစေရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်မှလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီးသော တိုင်းရင်းသားအဖွဲ့အစည်းများကို လက်တွဲခေါ်ယူ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

လာရောက်ပူးပေါင်း

ထိုသို့နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် နားလည်ယုံကြည်မှုရှိလာပြီး ဒေသဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသတွင်း တည်ငြိမ်အေးချမ်းသာယာရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း ယုံကြည်လက်ခံလာခြင်း၊ နယ်မြေအေးချမ်းမှုကြောင့် ရရှိလာသည့် ဒေသဖွံ့ဖြိုးတိုးတက်မှုများအပေါ် ဒေသခံပြည်သူများက ကြည်နူးဝမ်းသာလျက်ရှိနေကြောင်းကို မျက်ဝါးထင်ထင် တွေ့ရှိနေရခြင်း၊ တရားဥပဒေဘောင်အတွင်း စောစီးစွာ ဝင်ရောက်ခဲ့ပြီးသော

စာမျက်နှာ ၈ ကော်လံ ၁ ●

နွေးထွေးပျူငှာ ကြိုဆို

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်က KNU / KNLA ဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ် ထိန်မောင်နှင့်တပ်ဖွဲ့ဝင်များအား ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးကျေးရွာ၌ ဒေသခံတိုင်းရင်းသားပြည်သူများက နွေးထွေးပျူငှာ ပျော်ရွှင်စွာ ကြိုဆိုခဲ့ကြစဉ်။

(သတင်းစဉ်)

လာရောက်ပူးပေါင်း

ကွယ်လွန်သူ KNU / KNLA ဥက္ကဋ္ဌဟောင်း စောဘိုမြ၏သား ဗိုလ်ကြီးအဆင့်ရှိ စောနေစိုးမြ ဦးစီးအဖွဲ့ဝင်များ KNU/ KNLA ငြိမ်းချမ်းရေးကောင်စီရှိရာ ထို့ကော်ကိုးကျေးရွာသို့ လာရောက်ပူးပေါင်းကြစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၉ ရက်)

ကျေးလက်ဒေသများ ဇီဝဓာတ်ငွေ့နှင့် မီးရရှိရေး ကြိုးပမ်း စီးပွားရေးတိုးတက်ရန် ဝီရိယထားကြိုးပမ်းလုပ်ကိုင်

ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးနေသော နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧပြီလ ၆ရက်နေ့က ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ ရောက်ရှိခဲ့သည်။

ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးသည် ယခုအခါတွင် ပုံမှန်အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဖြည့်ဆည်းပေးမှု ဒေသခံပြည်သူတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် အချိန်တိုကာလအတွင်း ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်ခဲ့ခြင်းဖြစ်သည်။

ကျေးလက်ပြည်သူများသည် နေအိမ်အတွင်း ဟင်းသီးဟင်းရွက်များစိုက်ပျိုးခြင်းကို မိမိ၏မိသားစု စားသုံးရန်အတွက်သာမက ပိုလျှံသော သီးနှံများကို ရောင်းချခြင်းဖြင့် ဝင်ငွေရရှိရန် စိုက်ပျိုးခြင်း၊ စီးပွားရေးတိုးတက်ရန် အလုပ်ကို ဝီရိယထားကြိုးစားလုပ်ကိုင်ခြင်း ပင်ပန်းစွာ ရှာဖွေရရှိထားသောငွေကို အလဟဿသုံးဖြုန်းမပစ်ဘဲ စနစ်တကျ စုဆောင်းရန်တို့ကို နိုင်ငံတော်ဝန်ကြီးချုပ်က ခရီးစဉ်အတွင်း မှာကြားခဲ့ပေသည်။

ယခုအခါ ကျေးလက်ဒေသများတွင် ဇီဝဓာတ်ငွေ့အသုံးပြုပြီး မီးရရှိရန် အသုံးပြုလျက်ရှိရာ ဧရာဝတီတိုင်း ကျေးလက်ဒေသများတွင်လည်း ကျွဲ၊ နွား၊ ဝက် စွန့်ပစ်ပစ္စည်းများဖြင့် ပြုလုပ်ထားသည့် ဇီဝဘက်ထရီမှ မီးထွန်းနိုင်မှုကို စီမံဆောင်ရွက်နေပြီဖြစ်ရာ ၂၀၀၉ခုနှစ်အတွင်း ကျေးရွာရှိ အိမ်တိုင်းမီးလင်းရေး စီမံချက်ထား ဆောင်ရွက်လျက်ရှိသည်။

ဇီဝဘက်ထရီကို အသုံးပြုခြင်းဖြင့် မီးထွန်းနိုင်သည်သာမက ငွေကုန်သက်သာ၍ မီးဘေးအန္တရာယ်ပါကင်းဝေးသဖြင့် အိမ်တိုင်း အသုံးပြုနိုင်ရေးကို ဆောင်ရွက်သွားကြရမည် ဖြစ်သည်။ အိမ်တိုင်းမီးလင်းရေး ရည်မှန်းချက်ထားပြီး မိမိတို့ပတ်ဝန်းကျင်ရှိ စွန့်ပစ်ပစ္စည်းကို အသုံးပြု၍ မီးထွန်းနိုင်မည် ဖြစ်ပေသည်။

ပင်လယ်ကမ်းစပ်နေပြည်သူများ မုန်တိုင်းအန္တရာယ်မှ လွတ်ကင်းနိုင်ရန် Cyclone Shelter များ၊ အသက်ကယ်ကုန်းမြင့်များ တည်ဆောက်ပေးလျက်ရှိသည့်အပြင် အရေးကြုံလာပါက ခိုအောင်းနိုင်ရန်နှင့် ဆက်သွယ်သွားလာနိုင်ရန် လမ်းကွန်ရက်စီမံကိန်းများကို ဖောက်လုပ်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးများကို အကြားအလပ်မရှိ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူတို့ကလည်း မိမိတို့၏ သားစဉ်မြေးဆက်တိုင်အောင် အခိုင်အမာအဆောက်အအုံများဖြင့် ချမ်းချမ်းသာသာနေထိုင်သွားနိုင်ရန် ကြိုးပမ်းလုပ်ကိုင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၉-၄-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ မြန်မာသကြန်

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၀၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မြန်မာသကြန်
၆း၂၅ ၁၂။ လျှပ်တစ်ပြက်
၆း၄၀ ၁၃။ ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့အတွေး** (အပိုင်း-၁၀)
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၃၈)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ မြန်မာသကြန်
၁၈။ အနုပညာရှင်၏ တစ်နေ့တာ
၁၉။ ကုန်သွယ်သုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၄၁)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးတွင် ရန်ကုန်ဆိပ်ကမ်းအတွင်း ကုန်စည်စီးဆင်းမှုတွင် သွက်လက်မှန်ကန် မြန်ဆန်ရေး၊ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားရေး ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မှာကြား

ရန်ကုန် ဧပြီ ၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးသို့ ရောက်ရှိပြီး ရန်ကုန်ဆိပ်ကမ်းအတွင်း ကုန်စည်စီးဆင်းမှု သွက်လက်မှန်ကန်မြန်ဆန်ရေး၊ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ရှေးဦးစွာ အစည်းအဝေးခန်းမ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြား ရေးမှူး ဦးသိန်းဌေးက ဆိပ်ကမ်းများသို့ သင်္ဘောများဆိုက်ကပ်မှု၊ ပို့ကုန်၊ သွင်းကုန်ဆောင်ရွက်မှု၊ သင်္ဘောတင်ခန့်နှုန်းထားများ၊ ကုန်သေတ္တာငှားရမ်းသည့် လုပ်ငန်းဆောင်ရွက်မှု၊ နိုင်ငံအတွင်း ကုန်သေတ္တာလိုင်း Shipping Line များ ဆောင်ရွက်မှု၊ ရန်ကုန်မြစ်အတွင်း ရေလမ်းကြောင်း ပိုမိုကောင်းမွန်ရန် ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြပ်မတ်ဆောင်ရွက်

ထို့နောက် ဝန်ကြီးက ပြည်ပသို့ လယ်ယာပို့ကုန်ပစ္စည်းများ ပိုမိုတင်ပို့လျက်ရှိရာ တာဝန်ရှိသူအဆင့်ဆင့်က လုပ်ငန်းများ ပိုမိုသွက်လက်မှန်ကန်မြန်ဆန်ရေး၊ နိုင်ငံတကာအဆင့်မီ ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဆောင်ရွက်နိုင်ရန် တစိုက်မတ်မတ်လေ့လာသင်ယူဆောင်ရွက်ရေး၊ ပို့ကုန်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရန် ဆောင်ရွက်ရေး၊ ကုန်သေတ္တာပို့ဆောင်မှုနှင့် သင်္ဘောလိုင်းများကို မူဝါဒနှင့်အညီ စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဒလမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေး

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က ဒလမြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၄ရက်(စနေနေ့) ညနေ ၃ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူထုလူတန်းစားအဖွဲ့အစည်းများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ အလုပ်အမှုဆောင်များနှင့် ဂီတအစည်းအရုံးဝင် ဂီတပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ ဒလမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဖွဲ့စည်းရေးအဖွဲ့ခေါင်းဆောင် ပျဉ်းမနားဦးမြင့်လှိုင်(ပြန်ကြားရေးမှူး-၁)က ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြီး ဥက္ကဋ္ဌ ဦးတင်ရွှေ၊ ဒုတိယဥက္ကဋ္ဌ ဦးငွေဇင်၊ အတွင်းရေးမှူး ဦးဝဌာ၊ တွဲဖက်အတွင်းရေးမှူး ဒလဦးထွန်းထွန်း၊ ဘဏ္ဍာရေးမှူး ဦးအောင်ကျော်မြင့်၊ ပြန်ကြားရေးမှူး ဦးသန်းဌေး၊ စည်းရုံးရေးမှူး ဒေါ်နန်းသီရိခင်ခင်၊ အဖွဲ့ဝင်များဖြစ်ကြသော ပျော်ဘွယ်ဦးခင်ရွှေ၊ ဦးဖိုးဆယ်၊ ဒေါ်သီဂီနှင့် ဦးရဲရှိန်တို့ ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ခန့်အပ်လွှာကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဖျာပုံစောင်းဦးသိန်းဟန်ကြီးက ပေးအပ်ပြီး ဖွဲ့စည်းတာဝန်ပေးအပ်သည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ယင်းမာပင်နှင့် မြင်းမူမြို့နယ်များရှိ ကျေးရွာများ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လှူဒါန်း

နေပြည်တော် ဧပြီ ၈

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် စစ်ကိုင်းတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်မှ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၅ရက် မွန်းလွဲ ၁နာရီက စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် အလာကပ္ပကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကာ ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေစိုက်စခန်း မျက်နှာကြက်ပြုလုပ်ရန် ငွေကျပ်နှစ်သိန်း၊ အားကစားပစ္စည်းနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ညှိနှိုင်းဖြည့်ဆည်း

ဆက်လက်၍ ဝန်ကြီးသည် ကသီးကုန်းကျေးရွာ၌ကျင်းပသည့် ပေါင်းဝကျေးရွာ၊ ကဖြူကျေးရွာ၊ ကပိုင်ကျေးရွာနှင့် ကသီးကုန်းကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး ဝန်ကြီးက ဒေသလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူများက တက်ညီလက်ညီပါဝင်ဆောင်ရွက်ရန် လိုအပ်ပုံများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးက ကပိုင်-ကသီးကုန်းကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ရန်အတွက် အလှူငွေကျပ်နှစ်သိန်း၊ ဘိလပ်မြေအိတ် ၁၀၀၊ အားကစားပစ္စည်းများနှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချောက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့် ပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၅ရက်က ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ဇီဝဌာယီမဏ္ဍာရုံ၌ကျင်းပရာ ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးညိုမောင်က အဖွင့်အမှာစကား ပြောကြားပြီး အသင်းအတွင်းရေးမှူး ဦးဌေးအောင်က အသင်းအစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကာ အသင်းဝင်များက အတည်ပြုကြပြီး အသင်းအမှုဆောင်သစ်များကို ရွေးချယ်တင်မြှောက်ကြသည်။

ချီးမြှင့်

ထို့နောက် အသက် ၇၅နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြပြီး ပညာရည်ချွန်ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးညိုမောင်က ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မဒေလီယာစိုးဝင်းအား ပညာရည်ချွန်ဆု ထပ်ဆင့်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(အောက်ပုံ)** (၁၂၇)

၁၃၇၀ပြည့်နှစ် ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး နာယက ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ၁၃၇၀ပြည့်နှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရေကစားရာဓာတ်လိုက်မှာ ကြိုတင်ကာကွယ်ပါ

သတင်းမှတ်စု-ဓာတ်ပုံ မောင်မောင် ▲ စာမျက်နှာဖွဲ့စည်းမှု - ဘိုဘိုမင်း(မြန်မာ့အလင်း)

‘ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်’ ပို၍အကျိုးသက်ရောက်သည်ဟူသော ကျန်းမာရေး ဆောင်ပုဒ်ကဲ့သို့ပင် မကြာမီကျင်းပတော့မည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာ ရေကစားကြရာမှ ထိတ်လန့်ဖွယ်၊ စိတ်မချမ်းမြေ့ဖွယ်၊ အန္တရာယ်ရှိသော ဓာတ်လိုက်မှုမျိုး မတွေ့ကြုံကြစေရေးအတွက် သတိထား၍ ကြိုတင်ကာကွယ်ကြရန် လိုအပ်ပါသည်။

ကြိုတင်ပြင်ဆင်

ခရစ်သက္ကရာဇ် ၂၀၀၉ ခုနှစ် ဧပြီလ ၁၃ ရက် မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တန်ခူးလပြည့်ကျော် ၄ ရက်မှစ၍ တန်ခူးလပြည့်ကျော် ၈ရက်အထိ ငါးရက်တိုင်တိုင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မြန်မာပြည်အနှံ့ တောင်ပေါ်၊ မြေပြန့်၊ အနယ်နယ်အရပ်ရပ် တောရွာမြို့ပါ ပျော်ရွှင်ခြင်းအတိဖြင့် ကျင်းပကြတော့မည်ဖြစ်ရာ ကြိုတင်ပြင်ဆင်မှုများ စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။

မဟာသင်္ကြန်ပွဲတော်သည် မြန်မာတို့၏ ၁၂လရာသီပွဲတော်များအနက် ပျော်ရွှင်စရာအကောင်းဆုံး ပွဲတော်ဖြစ်ပြီး ယင်းပွဲတော်တွင် တိုင်းရင်းသားပေါင်းစုံသာမက မြန်မာပြည်တွင်း မှီတင်းနေထိုင်ကြသော လူမျိုးမရွေး၊ ဘာသာမရွေး အားလုံးပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသကဲ့သို့ မြန်မာနိုင်ငံသို့ တာဝန်ဖြင့်ရောက်ရှိနေကြသော နိုင်ငံခြားတိုင်းပြည်အသီးသီးမှ သံတမန်များ၊ စစ်သံမှူးနှင့်ဝန်ထမ်းများ၊ ကမ္ဘာလှည့်ခရီးသည်များသည်လည်း မြန်မာပြည်သူပြည်သားများနှင့်အတူ ပါဝင်ဆင်နွှဲကြသည်ကို နှစ်စဉ်တွေ့မြင် ကြရပေသည်။

ဆောက်လုပ်

မဟာသင်္ကြန်မဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များကို လုပ်ငန်းဌာနများ၊ ကုမ္ပဏီများ၊ မြို့နယ်များ၊ ရပ်ကွက်များအလိုက် ဆောက်လုပ်ကြမည်ဖြစ်သည်။

အဆိုပါမဏ္ဍပ်များတွင် အလင်းရောင်အတွက်သာမက မဏ္ဍပ်အလှဆင်မီးများ၊ ရောင်စုံဆလိုက်မီးများ၊ ရေကစားရန် ရေမော်တာများ အသုံးပြုရန်အတွက် လျှပ်စစ်ဓာတ်အားများကို ဆက်သွယ်တပ်ဆင်ကြမည်ဖြစ်ရာ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ၊ ကြီးကြပ်သူများ၊ လျှပ်စစ်အင်ဂျင်နီယာများက စစ်ဆေးကြပ်မတ်၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျလုပ်ကိုင်ကြရန် လိုအပ်သည်။

တပ်ဆင်ရန်လိုအပ်

စင်စစ် သင်္ကြန်မဏ္ဍပ်များ၌ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ တပ်ဆင်ရာ၌ အဆိုပါမဏ္ဍပ်တွင် အသုံးပြုမည့် မီးသီး၊ မီးချောင်း၊ မီးဆလိုက်၊ အလှဆင်မီးသီးရောင်စုံ၊ ပန်ကာ၊ ရေမော်တာများနှင့် ကျွေးမွေးရေးအတွက် ချက်ပြုတ်ရန် အသုံးပြုမည့် လျှပ်စစ်မီးဖိုတို့၏ စုစုပေါင်းတပ်ဆင်ဝန်အားတို့ကို တွက်ချက်၍ ယင်းဝန်အားတို့ကို ကောင်းမွန်စွာနိုင်နင်းမည့် ဝိုင်ယာနှင့် ဖြူး(စ်)ခေါ် ဒဏ်ခံကြိုးတို့ကို တပ်ဆင်ရန်လိုအပ်သည်။

ထို့အတူ သင်္ကြန်မဏ္ဍပ်များတွင် တပ်ဆင်အသုံးပြုမည့် မီးခလုတ်၊ မီးခေါင်း၊ အဆို့ခံပလပ်၊ ဝိုင်ယာကြိုးစသည့် လျှပ်စစ်သုံးပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီ၍ အမျိုးအစားကောင်းမွန်သော ပစ္စည်းအသစ်များသုံးစွဲရန် လိုအပ်ပါသည်။ တစ်ခါတစ်ရံ အချို့သောမဏ္ဍပ်များတွင် ပေါက်ပြဲနေသော ဝိုင်ယာများကို တိပ်ပတ်၍သုံးခြင်း၊ ဟောင်းနွမ်းဆွေးမြည့်နေသော ဝိုင်ယာများ ကြိမ်ဖန်များစွာသုံးထား၍ လျှပ်စီးကြောင်းအပူဒဏ်ခံရဖန်များ၍ နာနေသောဝိုင်ယာများကို အသုံးပြုခြင်းဖြင့် လျှပ်စစ်အန္တရာယ် အလွန်များသည်ကို သိထားသင့်ပါသည်။

အဆိုပါ ဝိုင်ယာများကြောင့် တိပ်ပတ်ထားသော ဝိုင်ယာအပေါက်အပြဲများ၊ နာနေသောဝိုင်ယာများမှာ ရေနှင့်ထိတွေ့ရာမှ ရှော့(ခ်)ဖြစ်ခြင်း၊ ဓာတ်လိုက်ခြင်းတို့ ဖြစ်ပွားတတ်ပေသည်။

ပိုမိုကြီးမားနိုင်

အထူးသဖြင့် သင်္ကြန်မဏ္ဍပ်အတွင်း ဝိုင်ယာရှော့(ခ်)ဖြစ်ခြင်း၊ ဓာတ်လိုက်ခြင်း စသည့် လျှပ်စစ်အန္တရာယ်တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက မဏ္ဍပ်နှင့်တကွ မဏ္ဍပ်အတွင်းရှိ ဧည့်ပရိသတ်များ၊ ကြမ်းခင်းများ၊ ကော်ဇောများ ရေစိုနေသည့်အခါ ဓာတ်လိုက်မှု(ဝါ)လျှပ်စစ်အန္တရာယ် ပိုမိုကြီးမားနိုင်ပါသည်။

ထို့အတူ သင်္ကြန်မဏ္ဍပ်အတွင်း လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ တပ်ဆင်ခြင်း၊ ဓာတ်ကြိုးသွယ်တန်းခြင်းတို့ကိုလည်း မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ သတိပေးနှိုးဆော်ချက်အတိုင်း လျှပ်စစ်ကျွမ်းကျင်မှုလက်မှတ်ရ မှတ်ပုံတင်လုပ်သားများနှင့်သာ ပြုလုပ်ဆောင်ရွက်သင့်ပါသည်။

မကျွမ်းကျင်သူများနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပါက လျှပ်စစ်အန္တရာယ်(ဝါ) ဓာတ်လိုက်မှုအန္တရာယ်များ ဖြစ်ပွားနိုင်ဖွယ်ရှိပါသည်။ မှားယွင်းတပ်ဆင်မှုမျိုးလည်း ဖြစ်ပေါ်တတ်ပါသည်။

အရည်အသွေးပြည့်မီရေး

အလားတူ သတိပြုရန်တစ်ချက်မှာ **‘ဝန်အားမမျှ မသုံးရ’** ဟူသော လျှပ်စစ်သတိပေးနှိုးဆော်ချက်အတိုင်း သင်္ကြန်မဏ္ဍပ်များတွင် အသုံးပြုမည့် လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ၏ စုစုပေါင်းတပ်ဆင်ဝန်အားကို ခံနိုင်ရည်ရှိသော ဝိုင်ယာကြိုးအရွယ်အစားနှင့် လျှပ်စစ်သုံးပစ္စည်းများ၏ ခုခံမှုကို ခံနိုင်ရည်ရှိသော အရည်အသွေးပြည့်မီ၍ အမျိုးအစားကောင်းမွန်သော မီးခလုတ်၊ မီးခေါင်း၊ ဆော့ကတ်၊ ပလပ်စသည်တို့ကို သုံးစွဲရန်လိုအပ်ပေသည်။

ရှောင်ကြဉ်သင့်

ကွဲအက်၊ ကျိုးပဲ့နေသော မီးခလုတ်၊ မီးခေါင်း၊ ဆော့ကက်၊ ပလပ်တို့ကို တိတ်ပတ်၍ သုံးစွဲခြင်းမှ ရှောင်ကြဉ်ကြရပါမည်။

ထို့အပြင် သင်္ကြန်မဏ္ဍပ်အသီးသီးတို့၌ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် ရရှိရေးအတွက် သက်ဆိုင်ရာလျှပ်စစ်ရုံးများသို့ ဆက်သွယ်လျှောက်ထားရန် လိုအပ်ပေသည်။

အချုပ်ဆိုရပါမူ မကြာမီရက်အတွင်း ကျင်းပတော့မည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် လျှပ်စစ်အန္တရာယ်(ဝါ) ဓာတ်လိုက်မှု အန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းသာပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် **‘ရေကစားရာ ဓာတ်လိုက်မှာ ကြိုတင်ကာကွယ်ပါ’** ဟူ၍ တိုက်တွန်း ရေးသားလိုက်ရပါတော့သည်။ ။ **(မြန်မာ့အလင်း)**

၁၃၇၀ ပြည့်နှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၈

၁၃၇၀ပြည့်နှစ် ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးနာယက ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ကျင်းပသည့် ၁၃၇၀ပြည့်နှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အမှာစကားပြောကြားပြီး စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် စည်းကမ်းထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေး ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများ ထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် တက်ရောက်လာကြသူများက မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ ရေကစားနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ ပြည့်နှစ် နှောင်းတန်ခူးလပြည့်နေ့
(ဥပုသ်နေ့)
၉-၄-၂၀၀၉ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
- ၇:၃၀ ၂။ နံနက်ခင်းသတင်း
- ၇:၄၀ ၃။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၄။ အကပဒေသာ
- ၈:၀၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ ခါသင်္ကြန်အဆိုအကများ
- ၈:၃၀ ၇။ International News
- ၈:၄၅ ၈။ **မီးမီးရဲ့ဆုံးဖြတ်ချက်** နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္စာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက် ဒါရိုက်တာ-အောင်မိုး(ပဲရစ်)

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄:၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံ
- ၄:၃၅ ၅။ တေးဂီတအစီအစဉ်
- ၄:၄၅ ၆။ ခါသင်္ကြန်အဆိုအကများ
- ၅:၀၀ ၇။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၁၅ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၂၀ ၉။ လူကူးမျဉ်းကျားမှကူးမည်
- ၅:၃၀ ၁၀။ ခါသင်္ကြန်အဆိုအကများ
- ၅:၄၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၄။ ပျော်ရွှင်စေသောနေ့ရက်များ **ချစ်သူလူမိုက်** စိုးရန်အောင်၊ ခင်မဥ္ဇူခိုင် (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆:၅၀ ၁၅။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၁၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာရင်ခွင်**(အပိုင်း-၁)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ**(အပိုင်း-၁၄)
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူနှိုးဝေဝေချစ်သက်တည်** (အပိုင်း-၁၄)
- ၂၂။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၂၃။ အစီအစဉ်ပြီး၏။

စာဝေလုပ်ငန်းနှင့် ကြေးနန်းစာဝေလုပ်ငန်းများ နားရက်မယူဘဲ ဆောင်ရွက်ပေးသွားမည်

ရန်ကုန် ဧပြီ ၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် မဟာသင်္ကြန်အကြတ်နေ့ ဧပြီ ၁၅ရက် (ဗုဒ္ဓဟူးနေ့)နှင့် နှစ်သစ်ကူးရုံးပိတ်ရက် ဧပြီ ၁၈ရက် (စနေနေ့)တို့တွင် အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ စာဝေလုပ်ငန်းနှင့် ကြေးနန်းစာဝေလုပ်ငန်းများကို နားရက်မယူဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အမြန်ချောပို့လုပ်ငန်းကိုလည်း နှစ်သစ်ကူး မဟာသင်္ကြန်ရုံးပိတ်ရက် ၁၁ရက်အတွင်း ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

မေတ္တာရပ်ခံ

အဆိုပါရက်များအတွင်း ဝတ်စုံပြည့်ဖြင့် တာဝန်ထမ်းဆောင်နေကြသည့် စာပို့လုလင်များ၊ ကြေးနန်းလုလင်များအား ရေပက်ကစားခြင်းမပြုကြရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရုတ်နိုင်ငံ ဟီနန်ပြည်နယ် ခိုင်ဖုံးမြို့တွင် ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်ရန်ရည်ရွယ်၍ ဒေသခံတရုတ်နိုင်ငံသားများက အေဒီ ၉၆၀ မှ ၁၁၂၆ ကာလအတွင်း ရှေးဟောင်းခိုင်ဖုံးမြို့၏ ရိုးရာဝတ်စုံများ ဝတ်ဆင်ထားသည်ကို ဧပြီ ၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တမီးလ်ကျားသူပုန်များအား အပြီးသတ်နှိမ်နင်းရန် သီရိလင်္ကာအစိုးရ တိုက်တွန်း

ကိုလံဘို ဧပြီ ၈

သီရိလင်္ကာနိုင်ငံ ကျွန်းစုဒေသများ၌ တမီးလ်ကျားသူပုန်များ၏ တိုက်ခိုက်မှုကို အပြီးသတ်နှိမ်နင်းရေးနှင့်ပတ်သက်၍ သီရိလင်္ကာအစိုးရက ဧပြီ ၇ ရက်တွင် တိုက်တွန်းပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ ကျားသူပုန်တို့၏ အကြမ်းဖက်သောင်းကျန်းမှုများ ဖြစ်ပွားရာဒေသဖြစ်သည့် ပူကူဒီရီရူပူဒေသ၌ တိုက်ပွဲများ ဖြစ်ပွားလျက်ရှိပြီး ဆက်လက်၍ စစ်ဆင်ရေးများ ဆင်နွှဲလျက်ရှိကြောင်း စစ်ဘက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။

ကျန်ရှိခဲ့

အဆိုပါဒေသတွင် တိုက်ပွဲဖြစ်ပွားစဉ်ကာလအတွင်း တမီးလ်ကျားသူပုန် ၅၀၀ ကျော် ပျောက်ဆုံးလျက်ရှိပြီး ၎င်းတို့၏ဌာနချုပ်သာ ကျန်ရှိခဲ့ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

သီရိလင်္ကာနိုင်ငံ အရှေ့မြောက်ပိုင်း ကမ်းရိုးတန်းဒေသမှ ပူတူမာတာလန်မြို့အား သောင်းကျန်းမှုကင်းစင်ရာ နယ်မြေအဖြစ် အစိုးရက ထုတ်ပြန်ကြေညာသည်။

သေဆုံး

၁၉၈၀ပြည့်နှစ်ကတည်းက ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းမှုကြောင့် ပြည်တွင်းအကြမ်းဖက် နှိမ်နင်းမှုတွင် ပြည်သူ ၇၀၀၀၀ ကျော် သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

နီဂါရာဂွာ၌ လေယာဉ်လှုပ်

မနာဂွာ ဧပြီ ၈

နီကါရာဂွာနိုင်ငံအတွင်း ဧပြီ ၇ရက်က အင်အား ၅ ဒသမ ၇အဆင့်ရှိ ငလျင်လှုပ်သွားခဲ့ကြောင်း ဆင်ဟွာကဖော်ပြသည်။

ထောက်ခံ

ငလျင်မှာ ယင်းနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀က လှုပ်ခတ်သွားခြင်းဖြစ်ကာ နီကါရာဂွာရေပြင်ပိုင်နက် ပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေအောက် ၂၁၆ ကီလိုမီတာအကွာကို ဗဟိုပြုလှုပ်သွားခြင်း ဖြစ်သည်။ **(အင်တာနက်)**

စမ်းသပ်ပစ်လွှတ်

အစ္စရေးနိုင်ငံမှ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့သည့် ဒုံးကျည်တစ်စင်းကို ဧပြီ ၇ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဥရောပသမဂ္ဂသို့ တူရကီဝင်ရောက်နိုင်ရေး အမေရိကန်သမ္မတ ထောက်ခံအားပေး

အင်ကာရာ ဧပြီ ၈

တူရကီနိုင်ငံ၏ ဥရောပသမဂ္ဂ(အီးယူ)သို့ ဝင်ရောက်ရေးကို အီးယူနိုင်ငံအချို့က ဆန့်ကျင်သည့်ကြားမှပင် အမေရိကန်နိုင်ငံက အီးယူသို့ တူရကီနိုင်ငံဝင်ရောက်ရေးကို ထောက်ခံကြောင်း အမေရိကန်သမ္မတ အိုဘားမားက ဧပြီ ၆ ရက်တွင် ထပ်မံတိုက်တွန်း ပြောကြားလိုက်သည်။

သို့သော် တူရကီနိုင်ငံအနေဖြင့်လည်း ပြုပြင်ပြောင်းလဲရေးကို အမြန်ဆုံး ဆောင်ရွက်ရန် သမ္မတအိုဘားမားက နှိုးဆော်သည်။

ထောက်ခံ

အီးယူအဖွဲ့ဝင်ဖြစ်ရေး တူရကီနိုင်ငံ၏ ကြိုးပမ်းမှုကို အမေရိကန်နိုင်ငံက အခိုင်အမာထောက်ခံကြောင်း၊ သို့သော် တူရကီနိုင်ငံတွင် တာဝန်များရှိပါကြောင်း၊ တူရကီဝန်ကြီးချုပ်အာဒိုဂန်အပါအဝင် ပရိသတ်များအား သမ္မတအိုဘားမားက ပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီတလီနိုင်ငံ အီကွီလာမြို့ရှိ စိန့်ဆယ်ဗာတိုရာဆေးရုံတွင် ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ ဆေးဝါးကုသမှု ခံယူလျက်ရှိသည်ကို ဧပြီ ၆ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိန္ဒိယသံအမတ်ကြီးဟောင်း အထွေထွေညီလာခံဥက္ကဋ္ဌ၏ အကြံပေးအရာရှိခန့်အပ်

နယူးယောက် ဧပြီ ၈

ကုလသမဂ္ဂဆိုင်ရာ အိန္ဒိယသံအမတ်ကြီးဟောင်း နီရူပမ်ဆင်းအား ကုလသမဂ္ဂ အထွေထွေညီလာခံဥက္ကဋ္ဌ၏ ကမ္ဘာ့ဘဏ္ဍာရေးနှင့် စီးပွားရေးအကျပ်အတည်းဆိုင်ရာ အထူးထိပ်တန်း အကြံပေးအရာရှိအဖြစ် ခန့်အပ်လိုက်သည်။

ပြောကြား

နီရူပမ်ဆင်း၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုတို့က သူ့ရုံးအတွက် အဖိုးမဖြတ်နိုင်လောက်အောင် အရေးကြီးသည့် အထောက်အကူ ပေးနိုင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံဥက္ကဋ္ဌ မီဂွဲဒီအက်စ်ကိုတိုဘရော့မန်းက ပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ပီတီအိုင်**

ဘဂ္ဂဒက်မြို့တော်တစ်ဝန်း ကားဗုံးလေးလုံးပေါက်ကွဲ

ဘဂ္ဂဒက် ဧပြီ ၈

ဘဂ္ဂဒက်မြို့တော်တစ်ဝန်းတွင် ဧပြီ ၆ရက် နံနက်ပိုင်းက ကားဗုံးပေါက်ကွဲမှုလေးကြိမ် ဖြစ်ပွားခဲ့သဖြင့် လူ ၂၀ သေဆုံးပြီး အများအပြား ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ လူအသေအပျောက်အများဆုံးသော ဗုံးပေါက်ကွဲမှုသည် ဘဂ္ဂဒက်အရှေ့ပိုင်းလူစည်ကားရာ ဆာဒါအရပ်ရှိ ဈေးကြီးတစ်ဈေးတွင် ဖြစ်ပွားခဲ့ပြီး ၁၀ ဦးထက် မနည်း သေဆုံးကာ ၂၈ ဦး ဒဏ်ရာရရှိကြောင်း ရိုက်တာသတင်းအရ သိရသည်။

အခြားဗုံးတစ်လုံးသည် လူစည်ကားရာ ဘဂ္ဂဒက်မြို့လယ်လမ်းတွင် အလုပ်ရရန် တန်းစီနေသူများအနီး ပေါက်ကွဲခဲ့ပြီး ခြောက်ဦးသေဆုံးကာ ၁၆ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့ကပြောကြားသည်။ နောက်ထပ် ဗုံးတစ်လုံးသည် ဘဂ္ဂဒက် ဆင်ခြေဖုံး ဟူစိန်နီယာအရပ်၌ ထပ်မံပေါက်ကွဲခဲ့ရာ နှစ်ဦးသေဆုံးခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မြောက်ဘက် ဘူလာကန်ပြည်နယ်ရှိ စက်ရုံတစ်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ၈ရက်က တွေ့ရစဉ်။ (ယင်းပေါက်ကွဲမှုကြောင့် အလုပ်သမား ၁၂ ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

ကမ္ဘာ့အသက်အရှည်ဆုံးအမျိုးသမီး၏ ၁၁၅ နှစ်မြောက်မွေးနေ့ကျင်းပ

လော့စ်အိန်ဂျလိစ် ဧပြီ ၈

ကမ္ဘာပေါ်တွင် အသက်အရှည်ဆုံး အမျိုးသမီးကြီးဂါထရာဘိုင်နက်စ်က ၁၁၅ နှစ်မြောက်မွေးနေ့ကို မွေးရပ်မြေဖြစ်သည့် လော့စ်အိန်ဂျလိစ်မြို့အနီးရှိ ဝက်စတန်းကွန်ဗာလက်စ်ဆင့်ဆေးရုံ၌ ဧပြီ ၆ရက်က ကျင်းပသည်။

သူမသည် အမေရိကန်သမ္မတ ဘားရက်အိုဘားမားထံမှ တေးဂီတ၊ အခွေ၊ ကိတ်မုန့်နှင့် စာတစ်စောင်တို့ကိုလက်ခံရရှိခဲ့သည်။ ဂါထရာဘိုင်နက်စ်သည် ကမ္ဘာပေါ်တွင် အသက်အရှည်ဆုံးအမျိုးသမီးဖြစ်ကြောင်း၊ ဂင်းနက်စ်ကမ္ဘာ့မှတ်တမ်းစာအုပ်အဖွဲ့က အသိအမှတ်ပြုထားသည့် စာတစ်စောင်လည်း လက်ခံရရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ဘိုင်နက်စ်သည် ဂျော်ဂျီယာနိုင်ငံ ရှယ်လမန်မြို့၌ ၁၈၉၄ ခုနှစ်တွင် မွေးဖွားခဲ့သည်။

အသက်အရှည်ဆုံး

အသက် ၁၁၅ နှစ်ရှိ ပေါ်တူဂီ အမျိုးသမီးမာရီယာဒီဂျေးဆပ်သည် ဇန်နဝါရီလတွင် ကွယ်လွန်ပြီးသည့်နောက် ဘိုင်နက်စ်သည် ကမ္ဘာပေါ်တွင် အသက်အရှည်ဆုံး အမျိုးသမီး ဖြစ်လာခဲ့သည်။ ၎င်းတွင် သမီးတစ်ဦးရှိပြီး အူရောင်င်န်းဖျားရောဂါဖြင့် သေဆုံးခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဗြိတိန် သင်္ဘောတစ်စင်း ဆိုမာလီဓားပြများ အပိုင်စီး

နိုင်ရိုဘီ ဧပြီ ၈

ဆိုမာလီယာဓားပြများက လွန်ခဲ့သည့် သီတင်းပတ်ကုန်တွင် သင်္ဘောသုံးစင်းကို အပိုင်စီးခဲ့ပြီးနောက် ဗြိတိန်နိုင်ငံက ၎င်းတို့ပိုင်ဆိုင်သော သင်္ဘောတစ်စင်းကို အပိုင်စီးခဲ့ကြောင်း ရေကြောင်းဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ပြောကြား

အဆိုပါသင်္ဘောသည် ဧပြီ ၆ ရက် နံနက်စောစောပိုင်းက အပိုင်စီးခံရခြင်းဖြစ်သည်။ ယင်းသင်္ဘောပေါ်တွင် လိုက်ပါလာသည့် သင်္ဘောသားများမှာ မည်သည့်နိုင်ငံမှဖြစ်သည်ကို မသိရသေးဟု မွမ်ဘာဆာအခြေစိုက် အရှေ့အာဖရိက သင်္ဘောသား အကူအညီပေးရေး အစီအစဉ်မှ ဟွမ်ဟူရာက ပြောကြားသည်။

အပိုင်စီး

အဆိုပါသင်္ဘောသည် မာလတ်စ်ပီနာဘတ်ဆယ်လ်အမည်ရှိ သင်္ဘောဖြစ်သည်။ ပင်လယ်ဓားပြများက တရုတ် (တိုင်ပေ)ငါးဖမ်းသင်္ဘောတစ်စင်းကိုလည်း ဆေရှဲလ်ဒေသအနီး၌ အပိုင်စီးခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ရန်ကုန်မြို့ရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် ကြည့်ရှုစစ်ဆေးစဉ်။
(ဘဏ္ဍာ/အခွန်)

ကျောက်တော် မြို့မစည်ပင်ဈေးနှင့် ပြိုင်းချောင်းဆည် နွေစပါးစိုက်ခင်း

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၈

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် မတ် ၂၃ ရက်က ကျောက်တော်မြို့ မြို့သစ်ရပ်ကွက် ကမ်းနားလမ်းနှင့် မြို့မစည်ပင်သာယာဈေးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ပြိုင်းချောင်းရေလှောင်တမံအနီး နွေစပါးစိုက်ပျိုးရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာက ပြိုင်းချောင်းဆည်ရေဖြင့် နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် ရန်ကုန်-စစ်တွေ ကားလမ်း ကတ္တရာလမ်း အနိမ့်အမြင့်ညှိ၍ ရေပိုက်လွှာလောင်းသည့်လုပ်ငန်းနှင့် ဝေသာလီကျေးရွာ၌ ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်လျက်ရှိသော သဘာဝစွမ်းအင်သုံး ဓာတ်ငွေ့လှောင်ကန်ပြုလုပ်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

သရုပ်ပြသ

တိုင်းမှူးသည် မတ် ၂၄ ရက်တွင် မင်းပြားမြို့နယ် ဖားပျော် ကျေးရွာသို့ရောက်ရှိပြီး ပေါင်းစည်းလယ်ယာစနစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ထင်းအစားထိုး စပါးခွံမီးဖိုဖြင့် ချက်ပြုတ်ခြင်း သရုပ်ပြသမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ရန်ကုန်-စစ်တွေကားလမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းများ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ

ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တွေ့ဆုံ

ရန်ကုန် ဧပြီ ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ဧပြီ ၆ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ရုံးခွဲ အစည်းအဝေးခန်းမ၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရန်ကုန်မြို့ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ဌာနတာဝန်ခံများက ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများကို ဘဏ္ဍာနှစ်သစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် လုပ်ငန်းအစီအမံများ၊ လျာထားချက်များနှင့် ဆောင်ရွက်မှုအခြေအနေများကို တင်ပြကြသည်။

ထို့နောက် ဝန်ကြီးက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးသည် ရန်ကုန်မြို့ရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ ရောက်ရှိရာ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရီနှင့် ဌာနတာဝန်ခံများက ဌာနခွဲအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနခွဲတာဝန်ခံ အရာထမ်းများအား တွေ့ဆုံမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်သို့ရောက်ရှိ၍ ဘဏ်မှဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြို့ရှိ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)သို့ သွားရောက်၍ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်းများ၏ တင်ပြချက်များအပေါ် အာမခံလုပ်ငန်းကဏ္ဍ၏ အခန်းကဏ္ဍ တိုးတက် ကျယ်ပြန့်စေရေးအတွက် ကြိုးစားဆောင်ရွက်သွားရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် (မြို့ပြ)ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သည့် အထကကျောင်းလမ်း ရေထုတ်မြောင်း တည်ဆောက်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဝင်းကို ဆောင်ရွက်ရာသို့ မတ် ၁၈ ရက်က အမှုဆောင်အရာရှိ ဦးအောင်သူဝင်း ကွင်းဆင်းကြီးကြပ်ပေးစဉ်။
(မြို့နယ်စည်ပင်)

စာကြည့်တိုက်သို့ စာအုပ်နှင့် ငွေပဒေသာပင်လှူဒါန်း

မိုးကောင်း ဧပြီ ၈

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ကံလှကျေးရွာအုပ်စု ကံလှရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ စာအုပ်နှင့်ငွေပဒေသာပင် လှူဒါန်းပွဲကို မတ် ၂၂ရက် မွန်းလွဲ ၂နာရီခွဲက ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယရဲမှူးတင်ငွေက အမှာစကား ပြောကြားသည်။

ထို့နောက် မိုးညှင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမာန်ပိုင်းက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မာရေးအတွက် ရှေ့လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး စေတနာရှင်များက ငွေကျပ် ၂၂၅၀၀၀ နှင့် သုတ၊ ရသစာအုပ် ၄၅၀ တို့ကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းကို၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးမျိုးတင့်နှင့် စာကြည့်တိုက်မှူး ဒေါ်သန်းသန်းနွယ် တို့ထံ ပေးအပ်လှူဒါန်းကြသည်။ (၀၀၁)

ကျေးရွာချင်းဆက်လမ်းနှင့် တံတားဖွင့်ပွဲ

တိုက်ကြီးမြို့နယ်တွင် ကျင်းပ

ရန်ကုန် ဧပြီ ၈

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီး မြို့နယ်အတွင်းရှိ ပျဉ်းမကုန်း-သိမ်ကုန်း ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက်လမ်း၊ ရွာလယ်လမ်းနှင့် တံတားဖွင့်ပွဲအခမ်းအနားကို မတ်၂၉ရက် နံနက်၉နာရီက အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသူရမြင့်သူနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ချစ်ချစ်သန်း၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

အစီအစဉ်အရ အလှူရှင်များ၏စုပေါင်းလှူဒါန်းငွေ ၄၀၅၂၅၅၅ကျပ်ဖြင့် ဆောင်ရွက်ထားသော ရွာလယ်လမ်းနှင့် တံတားကို မြို့နယ်ဥက္ကဋ္ဌဦးတင်ဆွေမြင့်နှင့် အလှူရှင်တစ်ဦးဖြစ်သူ ဦးအောင်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပျဉ်းမကုန်း-သိမ်ကုန်း ကျေးရွာချင်းဆက်လမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသူရမြင့်သူနှင့် ဦးဖိုးငယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(အပေါ်ပုံ)**
(မြို့နယ် ပြန်/ဆက်)

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာပြပွဲ တပ်မတော်ခန်းမ၌ ကျင်းပမည်

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ကြီးမှူးပြီး မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့က ပူးပေါင်းကျင်းပမည့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာပြပွဲ(၂၀၀၉)ကို မေ ၁ရက်မှ ၃ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကွန်ပျူတာပစ္စည်းများ၊ ကွန်ပျူတာဆက်စပ်အပိုပစ္စည်းများ၊ နောက်ဆုံးပေါ် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာများနှင့် ကွန်ပျူတာ အသုံးချဆော့ဖ်ဝဲ နည်းပညာများကို ပြသသွားမည်ဖြစ်ပြီး IT နယ်ပယ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ အီလက်ထရွန်နစ် ကုမ္ပဏီများ၊ ဆက်သွယ်ရေးပစ္စည်း အရောင်းဆိုင်များ၊ CD အရောင်းဆိုင်များနှင့် စာအုပ်အရောင်းဆိုင်များ ပါဝင်ပြသနိုင်မည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ပါဝင်ပြသလိုသော လုပ်ငန်း၊ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၅၂၂၇၆ သို့ ဧပြီ ၁၀ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ခင်ဦးမြို့နယ် တယ်ဘိုပင်ကျေးရွာ၌ အလင်းဆောင်စာကြည့်တိုက် နှစ် ၁၀၀ ပြည့်ပွဲ ကျင်းပ

ခင်ဦး ဧပြီ ၈

ရွှေဘိုခရိုင် ခင်ဦးမြို့နယ် တယ်ဘိုပင်ကျေးရွာ အလင်းဆောင်စာကြည့်တိုက်၌ (၁၉၀၇-၂၀၀၇) နှစ် ၁၀၀ပြည့် အထိမ်းအမှတ်ပွဲတော်ကို မတ် ၂၇ရက် နံနက် ၉နာရီက ကျင်းပရာ ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာဦးကြည်စိုး၊ အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်၊ ဒေါက်တာဦးစံတင်အောင်(ရွှေဘို)၊ ကေတုလှနိုင်၊ ဥက္ကလာမြမြဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး စာရေးဆရာကြီးဦးဌေးမောင်၊ ဦးသန်းထွန်း(ရွှေဘို)တို့က စာပေအကြောင်း သိကောင်းစရာများနှင့် ဒေါက်တာဦးစံတင်အောင်(ရွှေဘို)က နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်များကို ဟောပြောကြသည်။ (၁၈၂)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပညာပေးဟောပြော

ထီးချိုင့် ဧပြီ ၈

ကသာခရိုင် ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်အေး ဦးဆောင်၍ မြို့နယ်တရားသူကြီး ဒေါ်ကြည်ကြည်ဝင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးကြည်မြိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဝင်းသိန်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်မြင့်စိုးဦးနှင့် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစိုးထွန်းတို့ လိုက်ပါပြီး မတ် ၁၇ ရက် မွန်းတည့် ၁၂ နာရီက ကွင်းကြီးအုပ်စု ကွင်းကြီးကျေးရွာ စိုက်ပျိုးရေးအခြေစိုက်စခန်းရုံး၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပညာပေးဟောပြောပွဲ ကျင်းပသည်။
(မြို့နယ် ပြန်/ဆက်)

✻ ကျောဖုံးမှ

စာရေးသူတို့သတင်းအဖွဲ့သည် လွန်ခဲ့သော ဇန်နဝါရီ ၂၀ရက်က ဧရာဝတီတိုင်းအတွင်း ဓနိထုတ်လုပ်ရာဒေသ တစ်ခုဖြစ်သော မော်လမြိုင်ကျွန်းမြို့နယ် ကဇောင်းကျေးရွာအုပ်စု အုန်းတစ်ပင်နှင့် မင်းဆယ်ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ခဲ့ပြီး သတင်းမှတ်တမ်းရယူခဲ့သည်။

နံနက်စနာရီတွင် ပိုင်ထက်မင်း ရေယာဉ်သည် ကျွန်းပြာသာဒ် မြစ်ပြင်ကျယ်လမ်းအတိုင်း အောက်ဘက်သို့ စုန်ဆင်းလျက် ပင်လယ်ပိုင်းဒေသ အလယ်ရေကျော်ကျေးရွာသို့ ဦးတည်ခုတ်မောင်းနေသည်။ ညောင်ရွာဝကျေးရွာ ကျော်လွန်ပြီးသောအခါ စိမ်းစိုသော ဓနိပင်ပျိုကလေးများကို မျက်စိတစ်ဆုံး စတင်မြင်တွေ့နေရသည်။ သုံးနာရီခန့် ခုတ်မောင်းပြီးသောအခါ အလယ်ရေကျော် တစ်ဖက်ကမ်း အုန်းတစ်ပင်ကျေးရွာသို့ ရောက်ရှိသည်။

ဓနိဒေသ

အုန်းတစ်ပင်ကား ပီဘိဓနိဒေသပင်။ ကမ်းနှစ်ဖက်တွင်ဓနိတောများက မှိုင်းမှိုင်းညို့ညို့ဖြင့် အားရဖွယ်ဖြစ်သည်။ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဓနိတောများပျက်စီးသွားပြီဟု သတင်းကြားသိကတည်းက စာရေးသူ၏ စိတ်ထဲတွင် ဤမြင်ကွင်းများမှ မြင်ရပါ့မလားဟု ပူပန်လျက် ဤဓနိဒေသသို့ လာချင်နေသည်မှာကြာခဲ့ပြီဖြစ်ရာ ယခုမှပင် ခရီးစဉ်အထမြောက်တော့သည်။

အုန်းတစ်ပင် ဆိပ်ကမ်းတံတားမှ လှမ်းတက်လိုက်သောအခါ အုန်းတစ်ပင်ဒေသ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကဇောင်းကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးကြည်တင့်နှင့်အဖွဲ့က ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံဆွေးနွေးနေသည့် မြင်ကွင်းကို တွေ့လိုက်ရသည်။ အုန်းတစ်ပင်ကား ဘက်ပေါင်းစုံ တစ်မူထူးခြား ဖွံ့ဖြိုးတိုးတက်နေသည်ကား အမှန်ပင်။

ဖြောင့်တန်းလျက်

အုန်းတစ်ပင်ကျေးရွာ မြင်ကွင်းကိုလည်း ရှုပါဦး။ ကျေးရွာလမ်းမကြီးများမှာ ဖြောင့်တန်းလျက် သန့်ရှင်းနေသည်။ နေအိမ်တိုင်းတွင် မိသားစုတစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက် စိုက်ခင်းများ၊ မိသားစုတစ်ပိုင်တစ်နိုင် ဝက်၊ ဘဲနှင့် ကြက်မွေးမြူရေးလုပ်ငန်းများလည်း ရှိသည်။ တစ်ရွာလုံးတွင် အုန်းပင်၊ ကွမ်းသီးပင်၊ စားပင်၊ သီးပင်များ၊ ပန်းအလှပင်များဖြင့် သာသာယာယာ နေချင်စဖွယ် ကောင်းလှသည်။ အရိပ်အာဝါသလည်း ကောင်းလှသည်။

ဖြူစင်ရိုးသား

အုန်းတစ်ပင်တွင် ချစ်စရာမြန်မာ့ဓလေ့များလည်းရှိသည်။ အုန်းတစ်ပင်သူ၊ အုန်းတစ်ပင်သားတို့မှာ စိတ်သဘောထား ဖြူစင် ရိုးသားကြသည်။ ဆက်ဆံရေးကောင်းကြသည်။ ဧည့်ဝတ်ပျူငှာယဉ်ကျေးကြသည်။ အိမ်တစ်အိမ်သို့ ဧည့်သည် ရောက်လာလျှင် အခြားအိမ်များကလည်း စားသောက်ဖွယ်ရာများ ယူဆောင်လာပြီး လာရောက် ဧည့်ခံကျွေးမွေးသော ဓလေ့ရှိသည်။ သတင်းအဖွဲ့မှာ ဓနိပင်ပျိုကလေးများကို ကြည့်ရှု ငေးမောရင်း ဓနိထုတ်လုပ်မှုလုပ်ငန်းအပေါ် သိရှိလိုသဖြင့် ကဇောင်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကြည်တင့်အား မေးမြန်းရာ "ကျွန်တော်တို့ ကဇောင်းကျေးရွာအုပ်စု အုန်းတစ်ပင်က ဓနိအဓိကထွက်တဲ့ ကျေးရွာထဲမှာ ပါပါတယ်၊ နာဂစ်မုန်တိုင်း ဒဏ်ကြောင့် ဓနိပင်ကြီးများ ပြိုလဲပျက်စီးသွားခဲ့ပေမယ့် အားပျက်စရာမရှိပါဘူး။ ဓနိပင်ကြီးများနေရာမှာ ဓနိပင်ပျိုများ အစားထိုးပေါက်ရောက် ရှင်သန်လာခဲ့ပါတယ်။

မျှော်မှန်းထား

ယခုနှစ်မှာ အားယူပြီးရင် လာမယ့်နှစ် ဓနိရာသီမှာတော့ ဓနိအထွက်နှုန်း ပိုကောင်းမယ်လို့ မျှော်မှန်းထားပါတယ်၊ ဓနိထုတ်လုပ်မယ့် ရာသီချိန်ကလည်း နီးပြီဆိုတော့ အခုကတည်းက ဓနိခုတ်မယ့်လုပ်သားတွေကို စုစည်းခြင်း၊ ဓနိထိုးမယ့် လုပ်သားမိန်းကလေးများကို စုစည်းခြင်းနဲ့ ဓနိထိုးရုံတွေဆောက်ဖို့ ဓနိခြံပိုင်ရှင်တွေက နေရာထိုင်ခင်း ပြင်ဆင်နေကြပါပြီ။ ဓနိလုပ်ငန်းခွင်ကို ဖေဖော်ဝါရီလထဲမှာ စတင်ကြပါမယ်။ ဓနိက ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတဲ့ အပင်မျိုး ဖြစ်ပါတယ်၊ ဘိုးဘွားမိဘအစဉ်အဆက် စိုက်ပျိုးခဲ့တဲ့ ဓနိပင်များဟာ သားစဉ်မြေးဆက်တိုင်အောင် ခုတ်ယူသုံးစွဲလို့ရပါတယ်၊ ဓနိခြံလုပ်ငန်းက ဝင်ငွေသိပ်ကောင်းပါတယ်၊ ဓနိခြံကြီးတစ်ခြံရှိရင် အနီးပတ်ဝန်းကျင်မိသားစုများအတွက်ပါ အလုပ်ပေးနိုင်လို့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေပါတယ်"ဟု ရှင်းပြသည်။

"ဓနိပင်ပျိုတွေဟာ ကြီးထွားရှင်သန်နေကြပါပြီ။ အားရစရာကြီးပါ"
ဒေါ်ကြင်သိန်း
ဓနိခြံပိုင်ရှင်
မင်းဆယ်ကျေးရွာ။

သတင်းအဖွဲ့မှာ အုန်းတစ်ပင် အရှေ့ဘက်လမ်းမကြီးအတိုင်း ဆက်လက်လျှောက်လှမ်းခဲ့ရာ သစ်ပင်တောအုပ်အရိပ်အာဝါသကောင်းလွန်းသဖြင့် လမ်းမပေါ်သို့ နေပြောက်ပင် သိပ်မထိုး၊ ဓနိတောကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးကလေးများက တိုးဝှေ့ ကျီစယ်သဖြင့် ချမ်းတစိမ့်စိမ့်ပင် ခံစားမိသည်။ ကျေးရွာအရှေ့ဘက်ရှိ ဓနိပွဲရုံတစ်ရုံသို့ အရောက်တွင် ဓနိပွဲရုံပိုင်ရှင် ဦးတင်သန်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ-

မပျက်စီး

"မုန်တိုင်းဒဏ်ကြောင့် ဓနိပင်ကြီးများ ပြိုလဲပျက်စီးသွားပေမယ့် ဓနိထုတ်လုပ်မှု

"ဓနိခြံကြီးတစ်ခြံရှိရင် အနီးပတ်ဝန်းကျင် မိသားစုများအတွက်ပါ အလုပ်ပေးနိုင်လို့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေပါတယ်"
ဦးကြည်တင့် (ဥက္ကဋ္ဌ)
ကဇောင်းကျေးရွာအုပ်စု။

လုပ်ငန်းကတော့ မပျက်စီးပါဘူး။ ယခုနှစ်မှာ ဓနိထုတ်လုပ်မှုလုပ်ငန်းခွင်ရှိနေပါတယ်။ ကျွန်တော်တို့ ဓနိပွဲရုံတွေအနေနဲ့လည်း ဓနိခြံပိုင်ရှင်များနဲ့ ကြိုတင်ချိတ်ဆက်ထားတဲ့အတိုင်း ဓနိဝယ်ယူသွားမှာပါ။ ကျေးရွာဓနိဈေးကွက်ကနေ မြို့များမှာရှိတဲ့ ဓနိပွဲရုံတွေဆီ ဆက်လက် ရောင်းချသွားမှာ ဖြစ်ပါတယ်။ ဓနိသုံးစွဲမယ့်သူတွေအတွက် အခက်အခဲ လုံးဝမရှိပါဘူး။ မကြာမီရက်ပိုင်းမှာ ဒေးဒရဲ၊ ကျိုက်လတ်နဲ့ ကျိုက်ထော်ဘက်က ဝယ်လက်တွေလည်း ကျွန်တော်တို့ ဓနိဒေသကို ရောက်လာတော့မှာပါ။ သူတို့က ဓနိခြံပြတ် ဓနိဖက်လုံးတွေအဖြစ်နဲ့ ဝယ်ယူပြီး သူတို့ဒေသကျမှ ဓနိပျစ်ထိုးပြီး ပြန်ရောင်းပါတယ်။ အဲဒီလို ကုန်ကြမ်းအထိ ဆင်းဝယ်တော့ အမြတ်ပိုရတာပေါ့။ ကျွန်တော်တို့ ပွဲရုံတွေကတော့ ဒေသပေါက်ဈေးအတိုင်း ဝယ်ယူရောင်းချသွားမှာ ဖြစ်ပါတယ်"ဟု ပြောပြသည်။

အုန်းတစ်ပင်မှသည် မင်းဆယ်သို့ ရေမော် ပဲ့ထောင်ရေယာဉ်ဖြင့် ညနေ၃နာရီခွဲတွင် ခရီးဆက်ခဲ့သည်။ မင်းဆယ်နှင့် အုန်းတစ်ပင်မှာ မဝေးလှ။ နာရီဝက်ခရီးမျှသာ ဖြစ်သည်။ မင်းဆယ်သို့ အလာခရီးတွင် ကဇောင်းနှင့်ပက်ပြဲချောင်း တစ်ဖက်ကမ်းစီတွင်ရှိသော ဓနိပင်ပျိုအုပ်စုတို့မှာ တစ်ပင်နှင့်တစ်ပင် အလှချင်း ပြိုင်နေကြသလို မှိုင်းမှိုင်းညို့ညို့ဖြင့် ဓနိတောတန်းကြီး နှစ်ဖက်ကလည်း မျက်စိတစ်ဆုံး ရှုမျှော်၍ပင် မဆုံးနိုင်ပြီ။

မေးတင်ထား

မင်းဆယ်ရောက်တော့ ညနေ၄နာရီရှိပေပြီ။ မင်းဆယ်သည် ကျွန်းပြာသာဒ် မြစ်ပြင်ကျယ်ပေါ်တွင် မေးတင်ထားသည်။ အတော်ပင် သာယာလှပသည့် ကျေးရွာ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်သော ကျေးရွာ၊ ဓနိလုပ်ငန်း ဖြစ်ထွန်းသော ကျေးရွာဖြစ်သည်သာမက ရေလုပ်ငန်းဖြင့် စီးပွားဖြစ်ထွန်းသော ကျေးရွာတစ်ရွာလည်းဖြစ်သည်။

"မင်းဆယ်ကျေးရွာ သန့်ရှင်းသာယာရေးအတွက် စနေ၊ တနင်္ဂနွေနေ့တိုင်း ကျေးရွာ အုတ်လမ်းမကြီးတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်ကြပါတယ်"
ဦးကြင်လှိုင်(အဖွဲ့ဝင်)
ကဇောင်းကျေးရွာအုပ်စု။

ကြီးထွားရှင်သန်

ခရီးရောက်မဆိုက်ပင် ဓနိခြံလုပ်ငန်းပိုင်ရှင် အသက်၈၀အရွယ် အမေ ဒေါ်ကြင်သိန်းနှင့် တွေ့ဆုံခဲ့ရာ "အမေက ဓနိတောထဲမှာ ကြီးပြင်းလာတယ်လို့ ပြောရင်လည်း ရပါတယ်။ ဓနိခြံလုပ်သက် နှစ်၅၀ကျော်ပါပြီ။သတင်းအဖွဲ့လာမယ်ဆိုတာသိကတည်းက အမေကတွေ့ချင်နေတာ။ ဓနိအကြောင်း ပြောပြချင်နေတာ။ နာဂစ်ဒဏ်ကြောင့် ဓနိပင်ကြီးတွေ ပျက်စီးသွားတာမှန်ပေမယ့် လုံးဝတော့ မဟုတ်ပါဘူး။ အချို့အပင်ကြီးတွေလည်း ကျန်ခဲ့ပါတယ်။အခုတော့ ပျက်စီးသွားတဲ့ မူလဓနိအပင်ဟောင်းတွေနေရာမှာ ဓနိပင်ပျိုတွေ ပြန်ထွက်တာမျိုး၊ သီးသန့်ပြန်စိုက်ရတာမျိုးတွေ ရှိပါတယ်။ နာဂစ်ဖြစ်ပြီး ရှစ်လကျော်မှာ ပင်ပျိုပြန်ထွက်လာတဲ့ ဓနိပင်ပျိုတွေဟာ အပြိုင်းအရိုင်း ကြီးထွားရှင်သန်နေကြပါပြီ။ အားရစရာကြီးပါ။ အမေတို့ရွာနဲ့နီးတဲ့ လှိုင်းဘုန်း၊ ကဇောင်း၊ ရေတွင်းကုန်းနဲ့ ပက်ပြဲကျေးရွာအုပ်စုတွေမှာလည်းဓနိအထွက်များပါတယ်။

ဝင်ငွေအများကြီးရ

ဒါ့အပြင် ဓနိခုတ်လုပ်သားတွေရဲ့ တစ်နေ့ဝင်ငွေကလည်း မနည်းပါဘူး။ လုပ်သားတစ်ဦးကို ကျပ်၃၅၀၀ကနေ ကျပ်၅၀၀၀အထိ ရကြပါတယ်။ တစ်နှစ်မှာ ဓနိနှစ်ကြိမ် ခုတ်ရပြီး ပထမအကြိမ် တပို့တွဲနဲ့ တပေါင်းလမှာ တစ်ခါခုတ်ရပြီး (ရှယ်) ခုတ်တယ်လို့ ဆိုပါတယ်။ ဓနိအများဆုံး ရပါတယ်။ ဒုတိယအကြိမ်က ဆုန်နဲ့နယုန်လ ဓနိခုတ်ချိန်မှာတော့ သုံးပုံတစ်ပုံလောက်ပဲ ရပါတော့တယ်။ ဒါကြောင့် ပထမရှယ် ခုတ်ချိန်ကို ဓနိသမားတွေက ရွှေမိုးငွေမိုး ရွာသွန်းဖြိုးချိန်လို့ ဆိုပါတယ်။ ဝင်ငွေ အများကြီးရပါတယ်။ ဓနိထိုးတဲ့ မိန်းကလေးများနဲ့ ကလေးများရဲ့ တစ်နေ့ဝင်ငွေကတော့ ကျပ်တစ်ထောင် အနည်းဆုံးရပါတယ်။ ဓနိရာသီချိန်ရောက်တော့မှာမို့ ဓနိလုပ်ငန်းနဲ့ ဆက်နွှယ်တဲ့ ကျေးရွာအားလုံးမှာ စီးပွားဖွံ့ဖြိုးတိုးတက်ကြပါတယ်"ဟု အားပါးတရ ရှင်းပြသည်။

စံနမူနာ

မင်းဆယ်တွင် ကျေးရွာများ စံနမူနာယူစရာစံပြလုပ်ရပ်တစ်ခုကတော့ မိမိအသိစိတ်ဓာတ်ဖြင့် ဆန္ဒတူညီသူများက ကျေးရွာဖွံ့ဖြိုးတိုးတက် သန့်ရှင်းသာယာရေးအတွက် ၁၁ဦးပါဝင်သောအဖွဲ့ဖြင့် စနေ၊ တနင်္ဂနွေနေ့တိုင်း ကျေးရွာအုတ်လမ်းမကြီး တစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်ကြခြင်းပင်ဖြစ်သည်။ သတင်းအဖွဲ့ရောက်ရှိချိန်တွင် ကျေးရွာအုပ်စု အဖွဲ့ဝင် ဦးကြင်လှိုင်က ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုများကို ရှင်းလင်းပြောပြသည်။ ဤသို့ကောင်းမြတ်သော အစဉ်အလာတစ်ခုကို မင်းဆယ်တွင် အထင်ကြီးလောက်ဖွယ်ရာ တွေ့ခဲ့ရသည်။

လှည့်လည်ကြည့်ရှု

စာရေးသူမှာ ပင်လယ်လေးဟုခေါ်သော ကျွန်းပြာသာဒ်မြစ်ပြင်ကျယ်ဆီမှ တိုက်ခတ်လာသော လေပြည်လေညင်းကို ခံယူလိုသဖြင့် မင်းဆယ်အရှေ့ပိုင်းသို့ လှည့်လည်ကြည့်ရှုရင်း လှေဆိပ်တစ်ခုတွင် ရေလုပ်သားအစုအဖွဲ့များကို တွေ့မြင်ရသဖြင့် စာရေးသူက "ဗျို့ဆရာကြီးတို့… ငါး၊ပုစွန်တွေရကြလား"ဟု ဝမ်းသာအားရ မေးမြန်းကြည့်လိုက်ရာ ရေလုပ်သား ဦးမောင်ဦး၊ ဦးဝင်းစိန်၊ ဦးမိုးကျော်နှင့် ဦးမြင့်ထွေးတို့က "ငါး၊ ပုစွန်တွေ အများကြီး ရပါတယ်ဆရာ။ အခုတင် ဒိုင်ကို ရောင်းပြီး ပြန်လာကြတာပါ။ ရောင်းပြီးတဲ့အပြင် အိမ်စားဖို့ပါ ပါသေးတယ်ဗျ၊ ဒီမှာကြည့်လေ"ဟု ဆိုပြီး တစ်ပိဿာကျော်ခန့်ရှိသော ငါးသလောက်ကြီး တစ်ကောင်ကို မှီရသည့် မျက်နှာဖြင့် ဝမ်းသာအားရ မြှောက်ပြပါသည်။ ယခုအခါ ရေလုပ်သားတို့၏ ဘဝမှာ ယခင်နှင့် ဘာမျှမဆိုင်တော့။ နိုင်ငံတော်၏ ကျေးဇူးဖြင့် တစ်ခေတ်ဆန်းသစ်လာပြီ ဖြစ်သည်။ စက်တပ်ပိုက်လှေကိုယ်စီဖြင့် အချိန်မရွေး လိုရာခရီး နှင်နိုင်ကြပေပြီ။

ဖွံ့ဖြိုးတိုးတက်

မင်းဆယ်သည် ကျွန်းပြာသာဒ်မြစ်၏ ကျေးဇူးဖြင့် ငါး၊ ပုစွန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ရေလုပ်သားတစ်ဦးလျှင် ၁၅ရက်တစ်ရေစီ မဒီငါးပိဿာချိန် ၂၀၀မှ ပိဿာချိန် ၄၀၀အထိ ရရှိကြရာ ရေလုပ်သားတစ်ဦး တစ်လလျှင် မဒီငါးပိဿာချိန် ၆၀၀ကျော် ရရှိကြသဖြင့် အခြောက်လှန်းပြီး ငါး၊ ပုစွန်အဝယ်ဒိုင်များမှတစ်ဆင့် ရန်ကုန်ရှိ ငါး၊ ပုစွန်ဒိုင်ကြီးများသို့တစ်ဆင့် တင်ပို့ရောင်းချကြသည်။ ရန်ကုန်သူ၊ ရန်ကုန်သားများက မဒီငါးခြောက်ကို ကြိုက်နှစ်သက်ကြသည်။ မဒီက အသားချိုသည်။ အသားပေါသည်။ အရိုးနည်းသည်။ ဈေးချိုသည်။ ဖုတ်စားလျှင် ငါးရံ့ခြောက် အရသာမျိုးဖြစ်သည်။ ထို့ကြောင့်လည်း မဒီငါးခြောက်က နာမည်ကြီးသည်။

အမြတ်အစွန်း

မဒီငါးတက်ချိန်မှာ ဖေဖော်ဝါရီလမှ ဧပြီလကုန်အထိဖြစ်ရာ မင်းဆယ်ရေလုပ်သားတို့က မဒီတက်ချိန် ရွှေဝတ်ချိန်ဟု ဆိုကြသည်။ မဒီငါးတက်ချိန်ပြီးလျှင် ရေလုပ်သားတစ်ဦးဝင်ငွေမှာ ကျပ်သိန်း ၂၀မှ ကျပ်သိန်း၄၀အထိ အမြတ်အစွန်း ရရှိကြသည်။

သို့ဖြစ်ပေရာ အုန်းတစ်ပင်က ဓနိ၊ မင်းဆယ်က ဓနိနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်လျက်ရှိပါသောကြောင့် ဒေသနေပြည်သူတို့မှာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါကြောင်း သတင်းမြင်ကွင်းအဖြစ် ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မင်းဆယ်ရေလုပ်သား ဦးမောင်ဦးက အိမ်စားဖို့ပါလာသော ငါးသလောက်ကြီးတစ်ကောင်ကို မှီရသည့်မျက်နှာဖြင့် ဝမ်းသာအားရ မြှောက်ပြနေစဉ်။ (မြန်မာ့အလင်း)

အလေးမ လက်ရည်စစ်ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဧပြီ ၈

၂၀၀၉ခုနှစ် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် မေလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် ပထမအကြိမ်မြောက် ကမ္ဘာ့လူငယ်အလေးမ ပြိုင်ပွဲများအတွက် လက်ရည်စစ်ပြိုင်ပွဲများကို ယမန်နေ့တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၌ ကျင်းပရာ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းလွင်၊ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ အမှုဆောင်များနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးကြသည်။

ယင်းပြိုင်ပွဲများတွင်(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက်စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသော အလေးမအားကစားမောင်၊ မယ်များနှင့် အသက် ၁၇နှစ်အောက် လူငယ်အလေးမ သမားများ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ကြသည့် လူငယ်အားကစားသမားများအား မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းလွင်က တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ အသွားအပြန် ခရီးစရိတ်နှင့် စားစရိတ်များကိုလည်းကောင်း၊ အကောင်းဆုံးယှဉ်ပြိုင်သူနှစ်ဦးတို့အား ငွေကျပ် ၁၀၀၀၀စီကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။**(သတင်းစဉ်)**

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဘင်္ဂလားဒေ့ရှ်၊ ထိုင်းသံရုံးတို့မှ စီးပွားရေးသံမှူးများ တွေ့ဆုံ

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့် တွဲဖက်အတွင်းရေးမှူး(၂) ဦးမြင့်စိုးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Md Aftabuzzaman သည် ဧပြီ၂ရက်က ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက် တွေ့ဆုံရာ နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

လာရောက်တွေ့ဆုံ

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံး စီးပွားရေးသံမှူးရုံးမှ Mr. Prajuab Supinee, (Minister Counsellor) (Commercial) သည် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး **(အပေါ်ဓါတ်ပုံ)** ထိုင်းနိုင်ငံ၌ ကျင်းပမည့် ကုန်စည်ပြပွဲနှင့် အစည်းအဝေးပွဲများသို့ တက်ရောက်ရေးကိစ္စ၊ အသင်းချုပ်နှင့်ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပနိုင်မည့် အခွင့်အလမ်းဆိုင်ရာကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ မတ် ၁၆ ရက်က ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးရာ မြို့အရှေ့ခြမ်းရေစက်ရုံမှ မြို့ရေပေးဝေမှု အခြေအနေများကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းတို့က ရှင်းလင်းတင်ပြကြစဉ်။(မြို့နယ်စည်ပင်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။

အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေးအာမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးအမည်	ထုတ်လုပ်သည့် ကုမ္ပဏီ/နိုင်ငံ
၁။	Roxycan- Forte Capsule (Piroxicam 20mg)	T.Man Pharma, Thailand
၂။	Panvid Tablet (multivitamin)	Picco pharma Co.,Ltd, Thailand
၃။	Eifcof-B Tablet (Dextromethorphan HBr 15mg)	Bangkok lab & cosmetic Co.,Ltd. Thailand
၄။	Mustab Tablet (Paracetamol 500mg,Orphenadine Citrate 30mg)	New Life Pharma Co.,Ltd.,Thailand
၅။	Chloroquine Tablet (Chloroquine Phosphate 250mg)	Acdhon Co.,Ltd.,Thailand

အများပြည်သူတို့အနေဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ (၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မူးယစ်ကင်းစင် အလှဆင်

ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ ကျင်းပရက်ရွှေ့ပြောင်း

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များဟောပြောပွဲကို ဧပြီ ၁၁ ရက်တွင် ကျင်းပရန်ဖြစ်သော်လည်း သင်္ကြန်ရုံးပိတ်ရက်ဖြစ်သောကြောင့် ဧပြီ ၂၅ ရက်သို့ ပြောင်းလဲကျင်းပသွားမည်ဖြစ်သည်။

တက်ရောက်နိုင်

အဆိုပါဟောပြောပွဲကို Info Myanmar Computer Service & Training Centre ၏ ပံ့ပိုးကူညီမှုဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဦးအေးကျော်(MHR)က **'စီမံခန့်ခွဲမှုပညာ ဖွံ့ဖြိုးတိုးတက်စေသောအစီအစဉ်များ'** (Management Development Programmes) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၈

ယနေ့နံနက် ၉နာရီခွဲ အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ရှမ်းပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နှင့်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၄ဒီဂရီစင်တီဂရိတ်စီနှင့် မကွေးမြို့တွင် ၄၃ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၁ဒသမ ၄၁လက်မ၊ ကျိုင်းတုံမြို့တွင် ဝဒသမ ၅၁လက်မနှင့် မြိတ်မြို့တွင် ဝဒသမ ၄၃လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဧပြီ ၉ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ဗဟန်းမြို့နယ် ပြန်/ဆက်ဦးစီးဌာန စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဗဟန်းမြို့နယ်ရုံးက ကြီးမှူးပြုလုပ်သော စာဖတ်စွမ်းရည် ပြိုင်ပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၇ရက် နံနက် ၁၀ နာရီက အလယ်ရွှေဂုံတိုင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် အလယ်ရွှေဂုံတိုင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

တည်တံ့ရေး

ရှေးဦးစွာ အလယ်ရွှေဂုံတိုင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်၊ စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာငှားကတ်စနစ် ကျင့်သုံးခြင်းဖြင့် စာအုပ်စာစောင် တိုးပွားရေး၊ အလှူရှင်တိုးပွားရေးနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ရှင်းလင်းပြောကြားသည်။

ယှဉ်ပြိုင်

ဆက်လက်၍ စာဖတ်စွမ်းရည် ပြိုင်ပွဲကျင်းပရာ စာဖတ်ပရိသတ်များက ကြိုက်နှစ်သက်သည့် ဆောင်းပါးတို့ကို ဖတ်ကြားယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မစိုးငယ်ငယ်ကျော်၊ ဒုတိယဆုရရှိသည့် မောင်ပြည့်စုံဝင်း၊ တတိယဆုရရှိသည့် မောင်စိုးလင်းကျော်နှင့် အထူးဆုရရှိသည့် မရတနာတို့အား မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** **(မြို့နယ်ပြန်/ဆက်)**

● *ကျော်ဖုံးမှ*

သို့ဖြစ်ရာ နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသွားမည့် ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံကြီးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုသာမက သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းတစ်ခုအဖြစ်ရပ်တည်ကာ မိမိတို့၏ စွမ်းရည်နှင့် ကျွမ်းကျင်မှုပေါင်းစပ်ပြီး စက်ရုံကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ချည်မျှင်နှင့် အထည်စက်ရုံ (ပခုက္ကူ)ကို ၂၀၀၅ခုနှစ် အောက်တိုဘာ ၂ရက်က ဖွင့်လှစ်ပေးခဲ့သည်။

အထောက်အကူပြု

အဆိုပါ စက်ရုံကြီးသည် အလိုအလျောက် လွန်းပြောင်းရက်ကန်းစင် ၈၂စင်ပါရှိပြီး တစ်နှစ်တွင် (၁/၃၂) ချည်ပေါင် လေးသန်းနီးပါးခန့်နှင့် (၁/၃၂)ပိတ်ကြမ်းကိုက်သန်းပေါင်း ၁၁သန်းကျော် ထုတ်လုပ်ပေးနိုင်သည့် ခေတ်မီစက်ရုံကြီးဖြစ်ရာ မကွေးတိုင်း၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုလျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်ရေး

ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံကြီးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုသာမက နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုသည့် စက်ရုံကြီးဖြစ်၍ မိမိတို့၏ စွမ်းရည်နှင့် ကျွမ်းကျင်မှုပေါင်းစပ်ပြီး ကုန်ထုတ်လုပ်ငန်းကို ထိထိမိမိအထောက်အကူပြုလျက်ရှိပါကြောင်း သတင်းမှတ်စုအဖြစ် ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

■ *ကျော်ဖုံးမှ*

အရေးဗစ်ကာယလေ့ကျင့်ခန်းသည် ခန္ဓာကိုယ်အတွင်း သွေးလည်ပတ်စီးဆင်းမှုနှင့် နှလုံး၏လုပ်ငန်းတာဝန်အများအပြားကို ပုံမှန်အတိုင်းဖြစ်စေရန် အထောက်အကူပြုစေကြောင်း သိရသည်။

ပိုမိုပြုလုပ်သင့်

နှလုံးရောဂါဖြစ်ပွားမှုသည် အမျိုးသားများထက် အမျိုးသမီးများတွင် ပိုမိုဖြစ်ပွားနိုင်ကြောင်း ၎င်းတို့၏သုတေသနပြုချက်၌ ဖော်ပြထားရာ အရေးဗစ်ကဲ့သို့သော ကာယလေ့ကျင့်ခန်းကို အမျိုးသမီးများက ပိုမိုပြုလုပ်ပေးသင့်ကြောင်း ကနေဒါ သုတေသနပညာရှင်များက ပြောကြားသည်။

ကာကွယ်လာနိုင်

အမျိုးသမီးများသည် နေ့စဉ်နံနက် ၁၅ မိနစ်ခန့် အရေးဗစ်ကဲ့သို့ ကာယလေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ပေးပါက အသက်အရွယ်ရလာသည့်အခါ နှလုံးရောဂါ၊ သွေးကြောပိတ်ရောဂါ၊ နှလုံးသွေးကြောကျဉ်း ရောဂါများမဖြစ်ပွားအောင် ကာကွယ်ပေးနိုင်ကြောင်း အကြံပြုဖော်ပြထားသည်။ ။

MRTV-4 (Free to Air) ရုပ်သံလိုင်းကို ဧပြီ ၁၁ရက်မှစတင်၍ ရုပ်သံအရည်အသွေးကောင်းမွန်သော အစီအစဉ်များဖြင့် နေ့စဉ် နာရီ ၂၀စာ တိုးမြှင့်စမ်းသပ်ထုတ်လွှင့်မည်

ရန်ကုန် ဧပြီ ၈

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် MRTV-4 (Free to Air) ရုပ်သံလိုင်းကို ခြောက်နာရီအစီအစဉ်များအား တစ်နေ့လျှင်လေးကြိမ် ထုတ်လွှင့်ပေးလျက်ရှိရာ ယခုအခါ ကြည့်ရှုသူများစိတ်ဝင်စားမည့် ရုပ်သံအစီအစဉ်ကောင်းများကို ဧပြီ ၁၁ ရက်မှစတင်၍ နေ့စဉ် နာရီ ၂၀စာ တိုးမြှင့်စမ်းသပ် ထုတ်လွှင့်သွားမည်ဖြစ်သည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် VHF စနစ်ဖြင့် VHF Channel (11) မှ ပြောင်းလဲထုတ်လွှင့်ပေးလျက်ရှိသည်။

သို့ဖြစ်၍ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်ရှိ ပြည်သူများအနေဖြင့် MRTV-4 (Free to Air) ရုပ်သံလိုင်းကို မိမိတို့အိမ်ရှိ ရိုးရိုး VHF တီဗွီအင်တင်နာအသုံးပြု၍ ရုပ်သံကြည်လင်စွာ အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထို့ကော်ကိုး ကျေးရွာ ရောက်ရှိ

ကွယ်လွန်သူ KNU/ KNLA ဥက္ကဋ္ဌဟောင်း စောဘိုမြ၏သား ဗိုလ်ကြီးအဆင့်ရှိ စောနေစိုးမြ ဦးစီးအဖွဲ့ဝင်များ သဃ်န်းညီနောင်မှတစ်ဆင့် ကရင်ပြည်နယ် ထို့ကော်ကိုးကျေးရွာသို့ ရောက်ရှိလာကြစဉ်။

(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

တိုင်းရင်းသား အဖွဲ့အစည်းများအပေါ် နိုင်ငံတော်က စာနာနားလည်ပြီး နွေးထွေးစွာ စောင့်ရှောက်ပေးထားမှုများကြောင့် အေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ လူနေမှုဘဝတိုးတက်မြင့်မားလာမှုများကို မျက်မြင်လက်တွေ့ သိရှိသဘောပေါက်လာခြင်း၊ KNU ၏ ရည်မှန်းချက်နှင့် လုပ်ဆောင်ချက်များသည် ကရင်ပြည်သူလူထုကောင်းစားရေးနှင့် အလှမ်းဝေးရုံမျှမက ဒုက္ခတွင်းထဲသို့သာ တွန်းပို့နေကြောင်းကို အဆုံးတိုင် သိမြင်လာခြင်းတို့ကြောင့် KNU သောင်းကျန်းသူအဖွဲ့မှ ကွယ်လွန်သူ KNU/KNLA ဥက္ကဋ္ဌဟောင်း စောဘိုမြ၏သား ဗိုလ်ကြီးအဆင့်ရှိ စောနေစိုးမြ ဦးစီးအင်အား ၇၁ဦး၊ မှီခိုသူ မိသားစုဝင် ၈၈ဦး စုစုပေါင်း အင်အား ၁၅၉ဦးတို့သည် လက်နက်မျိုးစုံ ၂၄လက်၊ ခဲယမ်းမီးကျောက် ဆက်စပ်ပစ္စည်းများနှင့်အတူ မတ်၃၀ရက်တွင် KNU/KNLA ငြိမ်းချမ်းရေးကောင်စီရှိရာ ထို့ကော်ကိုးကျေးရွာသို့ လာရောက်ပူးပေါင်းခဲ့ကြကြောင်း သိရှိရသည်။

နွေးထွေးစွာကြိုဆို

စောနေစိုးမြနှင့် အဖွဲ့ဝင်များသည် ၂၀၀၉ခုနှစ် မတ် ၃၀ရက်တွင် နယ်မြေခံတပ်မှ တာဝန်ရှိသူများ၏ စီမံဆောင်ရွက်ပေးမှုအရ တောတွင်းတစ်နေရာမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး မြဝတီမြို့မှတစ်ဆင့် နံနက် ၁၀နာရီ ၄၅မိနစ်တွင် သဃ်န်းညီနောင်သို့ ရောက်ရှိခဲ့ကြကြောင်း၊ စောနေစိုးမြနှင့် အဖွဲ့အား သဃ်န်းညီနောင်တွင် နယ်မြေခံတပ်မှ တပ်မတော်သား စစ်သည်မိသားစုဝင်များက ပန်းကုံးများ၊ အောင်သပြေပန်းများဖြင့် ဝမ်းပန်းတသာ နွေးထွေးစွာ ကြိုဆိုခဲ့ကြကြောင်း၊ ထို့နောက် မွန်းတည့် ၁၂နာရီတွင် သဃ်န်းညီနောင်မှ ဆက်လက်ထွက်ခွာခဲ့ရာ KNU/KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့တည်ရှိရာ ကရင်ပြည်နယ် ထို့ကော်ကိုးကျေးရွာသို့ ညနေပိုင်းတွင် ရောက်ရှိခဲ့ကြကြောင်း သိရှိရသည်။

ထို့ကော်ကိုးကျေးရွာသို့ ရောက်ရှိလာသော စောနေစိုးမြနှင့်အဖွဲ့ဝင်များအား ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ စောနေစိုးမြ၏ ဦးလေးဖြစ်သူ ဦးထိန်မောင် ဦးစီး KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၀၀၀ ကျော်က ဝမ်းမြောက်ဝမ်းသာ ပန်းကုံးများ၊ ပန်းစည်းများ ကမ်းလှမ်းပြီး စည်ကားသိုက်မြိုက်စွာ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆို

စောနေစိုးမြနှင့် အဖွဲ့ဝင်များအား ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ဌာနဆိုင်ရာများက လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုကြစဉ်။

(သတင်းစဉ်)

ရှင်းလင်းပြောကြား

ယင်းနောက် ငြိမ်းချမ်းရေးကောင်စီအစည်းအဝေးခန်းမ၌ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စောနေစိုးမြအဖွဲ့နှင့် မှီခိုသူမိသားစုဝင်များအတွက် အသုံးအဆောင်ပစ္စည်းများ၊ ရိက္ခာနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်များနှင့် မိသားစုတစ်စုချင်းအလိုက် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း၊ အလားတူ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ မိသားစုဝင်များကလည်း အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ဆက်လက်၍ ငြိမ်းချမ်းရေးကောင်စီခန်းမဆောင်၌ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသော စောနေစိုးမြနှင့် အဖွဲ့ဝင်မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နိုင်ငံတော်အစိုးရ အစီအစဉ်ဖြင့် နေအိမ်များ ဆောက်လုပ် နေရာချထားပေးခြင်း၊ စိုက်ပျိုးလုပ်ကိုင် စားသောက်ရန် မြေနေရာများ သတ်မှတ်ပေးခြင်း၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိစေရေး စီမံပေးခြင်း၊ ကျန်းမာရေးနှင့် ပညာရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းနှင့် နိုင်ငံတော်အစိုးရက ရေရှည်စီမံချက်ဖြင့် ဆက်လက်ပံ့ပိုးကူညီပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ၎င်းတို့အဖွဲ့ ငြိမ်းချမ်းရေးရယူရခြင်း၏ ရည်ရွယ်ချ
သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြာ

ထို့ကော်ကိုးကျေးရွာသို့ လာရောက်ပူးပေ
အဖွဲ့ဝင် မိသားစုများမှာ ၂၀၀၉ခုနှစ် ဧပြီ၄ရက်အထ
အိမ်ထောင်သည် ၂၈ဦး၊ လူပျို ၄၅ဦး ပေါင်း ၇၃ဦး

ရှင်းလင်း ပြောကြား

စောနေစိုးမြနှင့် အဖွဲ့ဝင်များအတွက် နိုင်ငံတော်အစိုးရက ရေရှည်စီမံချက်ဖြင့် ပံ့ပိုးကူညီပေးသွားမည့် အစီအစဉ်များကို ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)



လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆို

စောနေစိုးမြနှင့် အဖွဲ့ဝင်များအား ဦးထိန်မောင်၏ မိသားစုများကလှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုကြစဉ်။

(သတင်းစဉ်)

ဒေသခံပြည်သူများ လှိုက်လှိုက်လှဲလှဲကြိုဆို

စောနေစိုးမြနှင့် အဖွဲ့ဝင်များအား ဒေသခံ ပြည်သူများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြစဉ်။

(သတင်းစဉ်)

က

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်
ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆော
ဖောက်လုပ်ထားရှိမှုကို တွေ့ရစဉ်။

ကျား ၁၃ဦး၊ မ ၃၄ဦး၊ ပေါင်း ၄၇ဦး၊ ၁၂နှစ်အေ
ပေါင်း ၄၁ဦး စုစုပေါင်း အင်အား ၁၆၁ဦးရှိပြီ

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရ၏ စစ်မှန်သော စေတနာ
ကြောင့် စောနေစိုးမြနှင့် အဖွဲ့ဝင်မိသားစုများ
ဦးဆောင်မှု အောက်တွင် KNU/KNLA ငြိမ်းချ

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း စောနေစိုးမြ အဖွဲ့နှင့် မိုနီသူ မိသားစုဝင်များအတွက် အသုံးအဆောင်ပစ္စည်းများ၊ ရိက္ခာနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်များနှင့် ထောက်ပံ့ငွေများကို မိသားစုတစ်စုချင်းအလိုက် ပေးအပ်စဉ်။
(သတင်းစဉ်)

စောနေစိုးမြအဖွဲ့နှင့် မိုနီသူ မိသားစုဝင်များအတွက် ထောက်ပံ့မည့် ရိက္ခာနှင့် မီးဖိုချောင်သုံး ပစ္စည်းအချို့ကို တွေ့ရစဉ်။
(သတင်းစဉ်)

အပေါ် လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ ကြိုဆိုလျက်ရှိကြသည့်အပြင် ကရင်ပြည်နယ်တစ်ခုလုံး အေးချမ်းတည်ငြိမ်လျက် ဖွံ့ဖြိုးတိုးတက်မှုများကို မြန်မြန်ဆန်ဆန် ဖော်ဆောင်ရရှိစေနိုင်ရေးအတွက် လက်ကျန် KNU အဖွဲ့များသည်လည်း ဗိုလ်ကြီးအဆင့်ရှိ စောနေစိုးမြ ဦးစီးအဖွဲ့ကဲ့သို့ အမြန်ဆုံး ငြိမ်းချမ်းရေးရယူ ဝင်ရောက်လာစေရန် လိုလားလျက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှင်းလင်းပြောကြား

စောနေစိုးမြနှင့် အဖွဲ့ဝင်များအတွက် နိုင်ငံတော်အစိုးရက ရေရှည်စီမံချက်ဖြင့် ပံ့ပိုးကူညီပေးသွားမည့် အစီအစဉ်များကို ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ထို့နောက် စောနေစိုးမြက ၎င်းတို့အဖွဲ့ ငြိမ်းချမ်းရေးရယူရခြင်း၏ ရည်ရွယ်ချက်နှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

ထို့ကော်ကိုးကျေးရွာသို့ လာရောက်ပူးပေါင်းသော စောနေစိုးမြနှင့် အဖွဲ့ဝင် မိသားစုများမှာ ၂၀၀၉ခုနှစ် ဧပြီ၄ရက်အထိ စာရင်းများအရ တပ်ဖွဲ့ဝင် အိမ်ထောင်သည် ၂၈ဦး၊ လူပျို ၄၅ဦး ပေါင်း ၇၃ဦး၊ မိသားစုဝင် ၁၂နှစ်အထက် ကျား ၁၃ဦး၊ မ ၃၄ဦး၊ ပေါင်း ၄၇ဦး၊ ၁၂နှစ်အောက် ကျား ၂၃ဦး၊ မ ၁၈ဦး၊ ပေါင်း ၄၁ဦး စုစုပေါင်း အင်အား ၁၆၁ဦးရှိပြီဖြစ်ကြောင်း သိရှိရသည်။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရ၏ စစ်မှန်သော စေတနာနှင့် နွေးထွေးစွာကြိုဆိုမှုများကြောင့် စောနေစိုးမြနှင့် အဖွဲ့ဝင်မိသားစုများသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု အောက်တွင် KNU/KNLA ငြိမ်းချမ်းရေးကောင်စီနှင့် ပူးပေါင်း လက်တွဲ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားတက်သရော ဆောင်ရွက်သွားရန် ဆန္ဒပြင်းပြနေပြီး ကရင်ပြည်နယ်ဒေသတစ်ခုလုံး အေးချမ်းတည်ငြိမ်စေရန်နှင့် လက်နက်ကိုင်တိုက်ခိုက်မှုများ ချုပ်ငြိမ်းသွားစေရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ ဤသတင်းကို ကြားသိကြရသည့် ကရင်ပြည်နယ်ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ ငြိမ်းချမ်းရေးအတွက် လာရောက်ပူးပေါင်းခဲ့ခြင်း

ကတ္တရာလမ်းမကြီး

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်း၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ နဘူး-ထို့ကော်ကိုး ကတ္တရာလမ်းမကြီး ဖောက်လုပ်ထားရှိမှုကို တွေ့ရစဉ်။
(သတင်းစဉ်)

ဒေသဖွံ့ဖြိုး တိုးတက်

နိုင်ငံတော်တည်ငြိမ်အေးချမ်းလာသဖြင့် ဒေသဖွံ့ဖြိုး တိုးတက်လာသည့် ပြယုဂ်တစ်ခုအဖြစ် ထို့ကော်ကိုးကျေးရွာရှိ လူနေအိမ်အချို့ကို တွေ့ရစဉ်။
(သတင်းစဉ်)

ထို့ကော်ကိုးကျေးရွာ

ကရင်ပြည်နယ်မှ သာယာလှပသော ထို့ကော်ကိုးကျေးရွာကို တွေ့ရစဉ်။ (သတင်းစဉ်)

တစ်နှစ်ပြည့်မြောက်ပြီဖြစ်သော တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)

တက္ကသိုလ်တင်လကျော်

ယနေ့ ကမ္ဘာပေါ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကိုအထူးအလေးထားဆောင်ရွက်လျက်ရှိသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု ကာကွယ်ရေးအတွက် သစ်တော၊ ရေ၊ မြေ၊ တွင်းထွက်သယံဇာတအရင်းအမြစ်များ၊ အဏ္ဏဝါသယံဇာတအရင်းအမြစ်များ ထုတ်ဖော်အသုံးပြုရေးနှင့်စပ်လျဉ်း၍ သင့်လျော်ကောင်းမွန်သည့် ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများချမှတ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင်အနေဖြင့် စီစဉ်ဆောင်ရွက်နေသည်။ ထို့အတူ မြန်မာနိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအတွက် သဘာဝနယ်မြေများအဖြစ် ရေတိုတွင် နိုင်ငံ၏ ဧရိယာ ငါးရာခိုင်နှုန်း၊ ရေရှည်တွင် ၁၀ ရာခိုင်နှုန်း တိုးမြှင့်တည်ထောင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနသည် အဆိုပါ နယ်မြေများ အပါအဝင် သဘာဝနယ်မြေ ၄၂ခုနှင့် နိုင်ငံ ဧရိယာ၏ ၇ ဒသမ ၃၀ ရာခိုင်နှုန်းတို့ကို သတ်မှတ်တည်ထောင်ထားပြီး ဖြစ်ပါသည်။

ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်း၏ အဓိကလုပ်ငန်းကြီးတစ်ရပ်ဖြစ်သော ကမ္ဘာပေါ်တွင် မျိုးပျက်သုဉ်းမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် တောဆင်ရိုင်း၊ ကျား၊ ရွှေသမင်၊ ကြယ်လိပ်၊ မိကျောင်း၊ ငှက်မျိုးများ၊ လိပ်ပြာများ ထိန်းသိမ်းခြင်း၊ ကုန်းနေ၊ ရေနေနှင့် တွားသွားသတ္တဝါများ လေ့လာဖော်ထုတ်ထိန်းသိမ်းခြင်း၊ မြန်မာ့ရေတိမ်ဒေသများ ဖော်ထုတ်လေ့လာခြင်း၊ ရေတိမ်ဒေသများတွင် လာရောက်ကျက်စားသည့် ဆောင်းခိုငှက်များအား လေ့လာဖော်ထုတ် မှတ်တမ်းတင်ခြင်းနှင့်နေရင်းဒေသများအား ထိန်းသိမ်းကာကွယ်ခြင်း၊ မြန်မာ့သစ်ခွမျိုးများနှင့် ပရဆေးပင်တို့ လေ့လာဖော်ထုတ်ခြင်း၊ ဇီဝနည်းပညာရပ် (Biotechnology) ဖြင့် ဖော်ထုတ်ထားသော သက်ရှိဇီဝများ မြန်မာနိုင်ငံအတွင်း တင်သွင်းမှုအပေါ် ဥပဒေအရ ထိန်းချုပ်ရန် ဇီဝလုံခြုံရေး မူဘောင် (National Biosafety Framework of Myanmar)ကို ရေးဆွဲခြင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းဌာန (Ecosytem Site)များအား တည်ထောင်ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ယနေ့ ကမ္ဘာ့အမွေအနှစ်ဒေသ (World Heritage Site) စာရင်းဝင် သဘာဝနယ်မြေများကိုလည်း တည်ထောင်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရာ၌ တည်ထောင်ပြီး သဘာဝနယ်မြေအတွင်း၌သာမက ပြင်ပဧရိယာအတွင်းရှိ ဇီဝမျိုးစုံများကိုထိန်းသိမ်းကာကွယ်လျက်ရှိပါသည်။ ထို့အပြင် ရှားပါးတိရစ္ဆာန်များ၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသော အပင်နှင့်တိရစ္ဆာန်များ မျိုးဆက်မပြတ်စေရေးအတွက် နေရင်းဒေသပြင်ပ၌ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းအဖြစ် တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ထိန်းသိမ်းလျက်ရှိပါသည်။

နေပြည်တော်တွင် မြို့တော်ခန်းမအပါအဝင် ဝန်ကြီးရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ ဟိုတယ်ဇုန်များ၊ ဆေးရုံများ၊ အားကစားကွင်းများ၊ ခေတ်မီရေပန်းဥယျာဉ်များ၊ ဈေးများ၊ ကျောင်းများ စသည်တို့ တည်ထောင်ခဲ့ပါသည်။ ထို့အပြင် ဇီဝမျိုးစုံ ထိန်းသိမ်းရေး လုပ်ငန်းတစ်ခုဖြစ်သည့် (Ex-Situ Conservation)၊ တိရစ္ဆာန်ဥယျာဉ် တည်ထောင်ထိန်းသိမ်းရေးလုပ်ငန်းအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတကာအဆင့်မီ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကို သစ်တောရေးရာဝန်ကြီးဌာနက တာဝန်ယူ တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ မတ် ၂၆ ရက်က တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်ကို တည်ထောင်ရာတွင် နေပြည်တော်၏ ဂုဏ်အင်္ဂါကိုမြှင့်တင်ရန်၊ နေပြည်တော်ရှိ ပြည်သူနှင့်ဝန်ထမ်းများသာမက နိုင်ငံတော်အတွင်းရှိ ပြည်သူများလာရောက် အပန်းဖြေနိုင်ရန်၊ ပြည်တွင်းပြည်ပမှ စိတ်ပါဝင်စားသူများ လာရောက်လေ့လာနိုင်ရန် ရည်ရွယ်၍ တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်ကြီးသည် ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီး မိုင်တိုင်အမှတ် ၂၅၆မိုင်၊ တစ်ဖာလုံမှ ၂၅၇မိုင်အကြား လမ်းမကြီး၏အရှေ့ဘက်တွင် တည်ရှိပါသည်။ စုစုပေါင်း ၆၁၂ ဧက ကျယ်ဝန်းပါသည်။

သဘာဝတောတောင်နှင့်ရေမြေကောင်းမွန်၍ အရှေ့ရိုးမကို မေးတင်ကာ တည်ရှိနေသည့်အတွက် အသွင်အပြင် ထူးခြားသည့် ဒေသတစ်ခုဖြစ်ပါသည်။ နိုင်ငံတကာအဆင့်မီ ခေတ်မီတိရစ္ဆာန်ဥယျာဉ်ကြီး ဖြစ်ပေါ်လာစေရေးအတွက် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ပြည်တွင်း ပြည်ပမှပညာရှင်များနှင့်တိုင်ပင်ညှိနှိုင်းခြင်း၊တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှားနိုင်ငံတို့ရှိ ခေတ်မီအဆင့်မြင့် တိရစ္ဆာန်ဥယျာဉ်များသို့ ကျွမ်းကျင်သူများ စေလွှတ်လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

ယင်းလေ့လာတွေ့ရှိချက်များကို အကြိမ်ကြိမ် ဆန်းစစ်ပြီး မြန်မာနိုင်ငံနှင့် သင့်တော်သည့် တိရစ္ဆာန်ဥယျာဉ်ပုံစံကို ခေတ်မီပြီး စနစ်ကျအောင် ရေးဆွဲသတ်မှတ်ခဲ့ကြပါသည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ၂၀၀၇ခုနှစ်အောက်တိုဘာ၂၈ရက်တွင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကို နိုင်ငံတကာအဆင့်မီ တိရစ္ဆာန်ဥယျာဉ်ကြီးဖြစ်လာစေရန် လမ်းညွှန်မှုများပေးခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဖြစ်စေရန်အတွက် တိရစ္ဆာန်ပြကွက်တစ်ခုချင်းစီ၏ ပြကွက်ဒီဇိုင်းပုံစံများကို သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးကိုယ်တိုင် သက်ဆိုင်ရာကုမ္ပဏီများ၊ ဒီဇိုင်းပညာရှင်များနှင့် အကြိမ်ကြိမ်အစည်းအဝေးခေါ်၍ ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ တိရစ္ဆာန်ပြကွက်များတည်ဆောက်ဆဲကာလတွင် သစ်တောရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ စံချိန်စံညွှန်းကောင်းမွန်ရေးနှင့်အချိန်မီပြီးစီးရေးအတွက် တွန်းအားပေး ဆောင်ရွက်ခဲ့ကြပါသည်။

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်ကို ၂၀၀၇ခုနှစ် စက်တင်ဘာ ၁ရက်မှစတင်ပြီး သစ်တောရေးရာဝန်ကြီးဌာနနှင့် လုပ်ငန်းဆက်စပ်မှုရှိသော ကုမ္ပဏီ ၂၃ ခုတို့ ပူးပေါင်းကာလုပ်ငန်းများ အချိန်မီ ပုံစံတကျ ပြီးမြောက်စေရန်အတွက် ငွေကြေး၊ လူအင်အား၊ ယာဉ်ယန္တရား အများအပြားကို အသုံးပြုပြီး နေ့ညမပြတ် စိတ်စေတနာ အပြည့်ဖြင့် စီမံကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်။

တိရစ္ဆာန်ပြကွက်များတည်ဆောက်မှုကို၂၀၀၇ခုနှစ် စက်တင်ဘာ၁ရက်မှ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်အထိ ခြောက်လခန့်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြသလို ပြသထားရှိမည့် တိရစ္ဆာန်များ သယ်ယူရေးကိုလည်း ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ပြီး စနစ်တကျ ဆောင်ရွက်ခဲ့ကြပါသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နှင့် မန္တလေးရတနာပုံ တိရစ္ဆာန်ဥယျာဉ်တို့မှ ပိုလျှံ၍ ခွဲဝေရရှိသည့် တိရစ္ဆာန်များကိုသယ်ယူရာတွင် တိရစ္ဆာန်များကျန်းမာ ရွှင်လန်းပြီး မပင်မပန်း ချောချောမောမောရောက်ရှိအောင် ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းကာ စနစ်တကျဆောင်ရွက်ခဲ့ကြပါသည်။ ရန်ကုန်နှင့်မန္တလေးမှယာဉ်တန်းများခွဲပြီး တိရစ္ဆာန်များနေပူဒဏ်မခံရအောင် ညဘက်တွင်သယ်ယူကြပါသည်။ နံနက်အရုဏ်တက်သည်နှင့် တစ်ပြိုင်တည်း နေပြည်တော်အရောက် စီမံဆောင်ရွက်ပြီး သက်ဆိုင်ရာ နေရာများတွင် စနစ်တကျ နေရာချထားခဲ့ကြပါသည်။ ပြင်ပမှ ရောက်ရှိလာသော သားပိုက်ကောင်၊ ပင်ဂွင်း၊ကျားဖြူ စသည့် ရှားပါးစာရင်းဝင် တိရစ္ဆာန်များကိုလည်း ရာသီဥတု အပူအအေးမှအစ နေသားတကျနှင့် အံဝင်ခွင်ကျဖြစ်အောင် စီမံဆောင်ရွက်ခဲ့ကြပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ၂၀၀၈ခုနှစ် မတ်၂၄ရက်တွင် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သို့ ရောက်ရှိပြီး ဖွင့်လှစ်ပြသမည့် ပြကွက်များနှင့် အစီအစဉ်များကိုကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ထည်ဝါခံ့ညားသည့် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်ကြီးတွင် လှပဆန်းသစ်သည့် အဝင်မုခ်ဦး၊ ရေပန်းအဝိုင်း၊ ပလာဇာ အဆောက်အအုံများ၊ ရှင်းလင်းဆောင်၊ ပညာပေး ပြခန်းများ၊ ယာဉ်ရပ်နားစခန်း၊ ကားရထားပတ်လမ်းနှင့် အတွင်းလျှောက် လမ်းများ၊ တိရစ္ဆာန်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများကိုလည်း ပုံစံတကျ သတ်မှတ် တည်ဆောက်ပြီး ထူးခြားသည့်နေရာ အလှဆင်မှုများကိုလည်း လှပခေတ်မီစွာ ဖန်တီးထားပါသည်။

တိရစ္ဆာန်ဥယျာဉ်ကြီးတွင် မြန်မာနိုင်ငံအတွင်းမှထင်ရှားသည့် တိရစ္ဆာန်များသာမက သားပိုက်ကောင်၊ ပင်ဂွင်း၊ ကျားဖြူ စသည့် ကမ္ဘာ့ရှားပါး တိရစ္ဆာန်များနှင့် ငှက်မျိုးစုံ၊ ညဥ့်ထွက်သတ္တဝါများကို ခက်ခဲတန်ဖိုးကြီးစွာ စုဆောင်းပြသထားပါသည်။ တိရစ္ဆာန်များကို နို့တိုက်သတ္တဝါ၊ ကျေးငှက်သတ္တဝါနှင့် တွားသွားသတ္တဝါဟူ၍ အမျိုးအစား သုံးမျိုးခွဲခြားပြသထားပြီး နို့တိုက်သတ္တဝါ ၃၉ မျိုး၊ ကျေးငှက်သတ္တဝါ ၃၀၊ တွားသွားသတ္တဝါ ၁၂မျိုး စုစုပေါင်း ၈၁မျိုးတို့ကို တိရစ္ဆာန်ပြကွက် ၂၇ ကွက်ဖြင့် စုစုပေါင်း ကောင်ရေ ၄၂၃ကောင် ပြသထားပါသည်။

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်ကြီးတွင် တစ်မူထူးခြားသည့် သဘာဝသစ်တောသစ်ပင်များ၊ သဘာဝကျောက်တုံး ကျောက်ဆောင်များ တည်ရှိသဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ရုက္ခဗေဒဆိုင်ရာ ဗဟုသုတတိုးပွားလိုသူများအတွက် တစုတစည်းတည်း လေ့လာနိုင်ပါသည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)ဖွင့်ပွဲ အခမ်းအနားကို ၂၀၀၈ခုနှစ် မတ် ၂၆ရက် နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် ပြကွက်ပေါင်း ၂၇ခု ပြသထားပါသည်။ ဆင်စခန်းပြကွက်၊ ပင်ဂွင်းပြကွက်၊ မိကျောင်း၊ ဖျံရေအိုင်ပြကွက်၊ သားပိုက်ကောင်ပြကွက်၊ ငှက်လှောင်ရုံပြကွက်၊ ကျားဖြူ၊ ကျားဝါပြကွက်၊ မျောက်လွဲကျော် လက်ဖြူပြကွက်၊ မျောက်လွဲကျော် မျက်ခုံးဖြူပြကွက်၊ ကျားသစ်ပြကွက်၊ တွားသွားသတ္တဝါပြကွက်၊ အာရှသမင်ဖြတ်လမ်းပြကွက်၊ ရေနေငှက်များ၊ ရေကန်ပြကွက်၊နွားနောက်ပြကွက်၊လင်းတငှက်နှင့် ငှက်များလှောင်အိမ်ပြကွက်၊ ခြင်္သေ့ပြကွက်၊ ဟိမဝန္တာဝက်ဝံပြကွက်၊ မြင်းကျားနှင့် ငှက်ကုလားအုတ်ပြကွက်၊ ဘာဘွန်းမျောက်ပြကွက်၊ မျောက်တံငါပြကွက်၊ တောခွေးနှင့်ခွေးအကျွန်းပြကွက်၊ ကြိုးကြာကျွန်းပြကွက်နှင့် ရွှံ့နွံတောရေပေါ်လျှောက်လမ်းပြကွက်များ ပြသထားရှိပါသည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ဖွင့်လှစ်ပြီး ခြောက်လကြာသောအခါ ကျားမလေးနိုနိုက ကျားလေးသုံးကောင်ကို ၂၀၀၈ ခုနှစ်စက်တင်ဘာ ၁ရက် နံနက်ပိုင်းတွင်မွေးဖွားခဲ့ပါသည်။ ရေနေငှက်များ လှောင်အိမ်ပြကွက်တွင်လည်း ရေစစ္စလီလေးခုနစ်ကောင် ပေါက်ဖွား တိုးပွားလာခဲ့သည်။ ငှက်လှောင်အိမ်ပြကွက်တွင်လည်း ဒေါင်းငါးကောင်၊ သားပိုက်ကောင် ပြကွက်တွင်လည်း သားပိုက်ကောင်လေး ခုနစ်ကောင် တိုးပွားလာခဲ့သည်။ ယုန်သမင်လေးနှစ်ကောင် ပေါက်ဖွားတိုးပွားခဲ့သလို သမင်သုံးကောင်၊ ဘဲငန်းငါးကောင်၊ ဒရယ်လေးနှစ်ကောင်၊ ဆတ်နှစ်ကောင်၊ နွားနောက်လေးတစ်ကောင်၊ ခွေးအကျွန်းပြကွက်တွင်လည်း ခွေးအလေးတစ်ကောင် ပေါက်ဖွားလာခဲ့ပါသည်။ တစ်နှစ်တာကာလအတွင်း တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် တိရစ္ဆာန်မျိုးစုံ ၃၈ကောင် ထပ်မံပေါက်ဖွားလာခဲ့ပါသည်။

ယခုတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သည် ကမ္ဘာ့အဆင့်အတန်းမီ တိရစ္ဆာန်ဥယျာဉ်ကြီးတစ်ခုဖြစ်သဖြင့် နိုင်ငံတကာအဆင့်မီ တိရစ္ဆာန်ဥယျာဉ်များနည်းတူ(Recreation) အများပြည်သူများ စိတ်အေးချမ်းမြေ့စွာဖြင့် ပျော်ရွှင်စွာလည်ပတ်အပန်းဖြေနိုင်ခြင်း၊ (Education) အပန်းဖြေလေ့လာသူများအတွက် ပညာလည်းရ သဘာဝတောရိုင်း တိရစ္ဆာန်များ အကြောင်းလည်း သိရှိလေ့လာနိုင်ခြင်း၊ (Conservation) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ သဘာဝတောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းခြင်းစသည့် အခန်းကဏ္ဍများကို အထောက်အကူပြုစေခြင်း၊ (Research) ဥယျာဉ်အတွင်း သဘာဝရေမြေ၊သစ်ပင်ပန်းပင်၊ တိရစ္ဆာန်များ၏ အလေ့အထများကိုသုတေသနပြုလုပ်လိုသည့် အဆင့်မြင့်ပညာဆည်းပူးနေသော တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများနှင့် ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများအတွက် ၎င်းတို့နှင့်သက်ဆိုင်သော သတ္တဗေဒနှင့် ရုက္ခဗေဒဘာသာရပ်များကို လေ့လာရန် အထောက်အကူပြုနေသည့် သဘာဝ ဓာတ်ခွဲခန်းကြီးသဖွယ် ဖြစ်နေခြင်း၊ ၎င်းအပြင် (Ecotourism) သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းတစ်ခုအဖြစ် အထောက်အကူပြုနေစေခြင်းတို့ကြောင့် နိုင်ငံတော်အတွက် များစွာတန်ဖိုးရှိသော ဥယျာဉ်ကြီးတစ်ခုဖြစ်ပါကြောင်း ဂုဏ်ပြုရေးသား ဖော်ပြအပ်ပါသည်။ ။

တိရစ္ဆာန်ဥယျာဉ်ကြီးတွင် မြန်မာနိုင်ငံအတွင်းမှထင်ရှားသည့် တိရစ္ဆာန်များသာမက သားပိုက်ကောင်၊ ပင်ဂွင်း၊ ကျားဖြူ စသည့် ကမ္ဘာ့ရှားပါး တိရစ္ဆာန်များနှင့် ငှက်မျိုးစုံ၊ ညဥ့်ထွက်သတ္တဝါများကို ခက်ခဲတန်ဖိုးကြီးစွာ စုဆောင်းပြသထား။

သတိပြုရန်

(က) **မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်း သူများ လိုက်နာရန်။**

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော် ဆိုင်ကယ်မျှ စီးနင်းခြင်းလုံးဝမပြုရ။
(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်း လုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စား ထားခြင်း ရှိ၊ မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယခုအခါ အချက်အချာကျသော လမ်းဆုံ၊ လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော **CCTV CAMERA, RED LIGHT RUNNING CAMERA** များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကို အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားပါမည်။

(င) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့် "

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

အမ်းမြို့ သယှူ(ပဲပဒုံ) တံတားတည်ဆောက်ရေးလုပ်ငန်းနှင့် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၈

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ မတ် ၂၆ရက် ညနေပိုင်းက အမ်းမြို့ ရန်ကုန်-စစ်တွေကားလမ်း၌ တည်ဆောက်လျက်ရှိသော သယှူ(ပဲပဒုံ)တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ အမ်းမြို့ အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ အမှတ်(၆) တည်ဆောက်ရေးစီမံကိန်းမှ ညွှန်ကြားရေးမှူးက အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များမှာကြားပြီး အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် တိုင်းမှူးသည် မတ် ၂၈ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများလိုက်ပါ၍ အမ်းမြို့စစ်မှုထမ်းဟောင်း လူနေအိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားကာ အမှတ်(၃)ရပ်ကွက် စစ်မှုထမ်းဟောင်း အိမ်ရာအနီး မြို့နယ်အားကစားကွင်းနှင့် မြို့နယ်အားကစားခန်းမ တည်ဆောက်နိုင်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် အမှတ်(၅)ရပ်ကွက်ရှိ ရန်ကုန်-စစ်တွေကားလမ်း ကတ္တရာလမ်းပေါက်ဖာခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အမ်းမြောက်အုပ်စု ဒိုင်ကြီးကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ခြင်းလုပ်ငန်းနေရာသို့ ရောက်ရှိ၍ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းတို့ ပုဏ္ဏားကျွန်းမြို့နယ် ယာချောင်းကျေးရွာ၌ ကျေးရွာပြည်သူများအား အိမ်တိုင်းစရိတ်သက်သာစွာနှင့် လွယ်ကူစွာ တစ်နှစ်ပတ်လုံး မီးထွန်းနိုင်ရေးအတွက် Bio Battery ပြုလုပ်အသုံးပြုပုံကို ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရဲရွာရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း သန်း ၃၅၅၀ ထုတ်လုပ်ပေးနိုင်မည်

နေပြည်တော် ဧပြီ ၈

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဧပြီ ၅ရက်က မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်အကွာ (ရဲ-ယမန်းရွာ)အနီးရှိ မြစ်ငယ်မြစ်ပေါ်တွင် အမှတ်(၂)တည်ဆောက်ရေးမှ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး စီမံကိန်းလုပ်ငန်းကို သတ်မှတ်ပေးထားသည့် အချိန်ကာလအတိုင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ ပင်မတမံဝဲဘက်ကမ်း (EL- 197.0m) ရှုရပ်မှနေ၍လည်းကောင်း၊ ဓာတ်အားပေးစက်ရုံအတွင်းသို့ ဝင်ရောက်၍လည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထုတ်လုပ်ပေးနိုင်

အဆိုပါ ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ ပင်မတမံမှာ R.C.C တမံအမျိုးအစားဖြစ်ပြီး ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ပြီးစီးမှုမှာ ၇၆ ဒသမ ၃၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား ၁၈၇ ဒသမ ၅မဂ္ဂါဝပ်ရှိ စက်လေးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အား မဂ္ဂါဝပ်၇၉၀မှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း သန်း၃၅၅၀ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရဲရွာရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်ယူနိုက်တက် F.C ကစားသမား၂၄ဦး ထပ်မံခေါ်ယူ

ဂိုး-အောင်အောင်ဦး၊ ကျော်သူရနှင့် စိုးလင်းထွန်းတို့ပါဝင်

သတင်းမှတ်စုနှင့်ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - မေသန်း (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၈

မြန်မာနေရှင်နယ်လိဂ်ကစားသမားများ၏ အပြောင်းအရွှေ့စာချုပ် လက်မှတ်ရေးထိုးပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက သုဝဏ္ဏရှိ Goal ဟိုတယ်၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းကိုယ်စားပြု ရန်ကုန်ယူနိုက်တက် F.C မှ ပရိကစားသမားများအား စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ကြသည်။

၂၅ဦး

ရန်ကုန်ယူနိုက်တက် F.C မှာ ကစားသမား ၂၄ ဦးအား ထပ်မံစာချုပ်ချုပ်ဆို ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ်က မြန်မာ့လက်ရွေးစင်အသင်းတောင်ပံကစားသမား မျိုးမင်းထွန်းကို ခေါ်ယူထားရာ စာချုပ်ချုပ်ဆိုပြီးသွားသူ

ရန်ကုန်ယူနိုက်တက် F.C နှင့် ကျော်သူရ စာချုပ် ချုပ်ဆိုစဉ်။

လက်ရွေးစင်ဟောင်း စိုးလင်းထွန်း စာချုပ် ချုပ်ဆိုစဉ်။

၂၅ဦးရှိပြီဖြစ်သည်။ ယခု ဒုတိယအကြိမ် ခေါ်ယူခဲ့သော ကစားသမား ၂၄ ဦးတွင် Air Bagan F.C မှ ၁၄ဦး ပို့ဆောင်ရေးနှင့် ဘဏ္ဍာ/အခွန်တို့မှ သုံးဦးစီ၊ ကမ္ဘောဇမှ နှစ်ဦးနှင့် ကာကွယ်ရေးမှ တစ်ဦးတို့ ပါဝင်ကြသည်။

စာချုပ်

ဘဏ္ဍာ/အခွန်အသင်းမှ လက်ရွေးစင်ဟောင်းဘောလုံးသမားများဖြစ်သည့် ဂိုးသမား အောင်အောင်ဦးကို လက်မှတ်ထိုးကြေး ကျပ်သိန်း ၅၀၊ လစာကျပ် ၁၀သိန်း၊ စိုးလင်းထွန်းနှင့်ကျော်သူရတို့ကို လက်မှတ်ထိုးကြေး ကျပ်သိန်း ၄၀စီ၊ လစာကျပ် ခုနစ်သိန်းစီ၊AirBagan အသင်းမှ တင်ဝင်းအောင်နှင့် အောင်သိုက်တို့ကို လက်မှတ်ထိုးကြေး ကျပ်သိန်း ၃၀စီနှင့် လစာကျပ်ငါးသိန်းစီ၊ Air Bagan အသင်းမှ နိုင်ဦးလွင်၊ ဒေးဗစ်ဒန်း၊ နိုင်ဇေယျာထွန်း(ဂိုး)၊ ရန်အောင်ဝင်း၊ ဇင်မင်းဦးနှင့် ကျော်ဇေယျဝင်းတို့ကို



လက်ရွေးစင်ဟောင်း ဌေးအောင် စာချုပ် ချုပ်ဆိုစဉ်။

လက်မှတ်ထိုးကြေး ကျပ်သိန်း ၂၀စီနှင့် လစာကျပ်လေးသိန်းစီ၊ ကာကွယ်ရေးအသင်းမှ ဌေးအောင်၊ ပို့ဆောင်ရေးမှ မောင်မောင်မြင့်၊ ကျော်ဒွန်းနှင့် ကြည်လင်း၊ ကမ္ဘောဇမှ ရာဇာစိုးတို့ကို လက်မှတ်ထိုးကြေး ကျပ်၁၅ သိန်းစီနှင့် လစာကျပ်လေးသိန်းစီ၊ Air Bagan အသင်းမှ စောအယ်ထူး၊ ဝိုင်းချစ်အောင်၊ ရွှေလှိုင်ဝင်း၊ ပြည့်ဖြိုးအောင်၊

ရန်ကုန်ယူနိုက်တက် F.C နှင့် ကျော်ဒွန်း စာချုပ် ချုပ်ဆိုစဉ်။

ရန်နိုင်ထွန်း၊ မင်းမင်းနှင့် ကမ္ဘောဇမှ ကျော်စွာဝင်းတို့ကို လက်မှတ်ထိုးကြေး ကျပ် ၁၅သိန်းစီနှင့် လစာကျပ် သုံးသိန်းစီ၊ မြတ်ထူးနိုင်ကို လက်မှတ်ထိုးကြေး ကျပ်၁၀သိန်းနှင့် လစာကျပ်သုံးသိန်းတို့ဖြင့် စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

မောင်မောင်မြင့်နှင့် ရန်ကုန်ယူနိုက်တက် F.C တို့ စာချုပ် ချုပ်ဆိုစဉ်။

သိန်း ၅၅၀အသုံးပြု

ရန်ကုန်ယူနိုက်တက် F.C မှာ ကစားသမား ၂၅ ဦးခေါ်ယူပြီးသွားပြီဖြစ်ပြီး လက်မှတ်ထိုးကြေးကျပ်သိန်း ၅၅၀ အသုံးပြုထားကြောင်း သိရသည်။ ယင်း ၂၅ ဦးတွင် နာမည်ကြီးကစားသမားများဖြစ်သည့် အောင်အောင်ဦး၊ မျိုးမင်းထွန်း၊ ကျော်သူရ၊ စိုးလင်းထွန်းစသည့် ကစားသမားများပါဝင်လျက်ရှိသည်။ အသင်း CEO ဖြစ်သူ ဦးစိုင်းခင်မောင်အေးက အဆင့်မြင့်တန်းပြိုင်ပွဲဝင် Air Bagan အသင်းမှ ကစားသမား ၁၄ဦး ပြန်ခေါ်ထားပြီး ကျန်၁၆ဦးကို လွတ်လပ်စွာပြောင်းရွှေ့ခွင့်ပြုထားကြောင်း၊ ပြည်ပကစားသမားခေါ်ယူမှုအဖြစ် နိုင်ဂျီးရီးယားသုံးဦးကို ခေါ်ယူရန် စီစဉ်ထားကြောင်း၊ လောလောဆယ် နှစ်ဦးရောက်ရှိနေပြီဖြစ်ပြီး နည်းပြအဖွဲ့မှ စမ်းသပ်နေကြောင်း၊ ယင်းနှစ်ဦးမှာ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့တွင် ကစားခဲ့သူများဖြစ်ကြောင်း၊ မိမိတို့အသင်းမှာ အတွေ့အကြုံရှိ ကစားသမားများကို ခေါ်ယူထားသလို ရေရှည်အသုံးပြု၍ရမည့် လူငယ်ကစားသမားများကိုလည်း ခေါ်ယူထားကြောင်း၊ အောင်မြင်မှုရရှိရန်အတွက်သာမက ကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။ ။

(မြန်မာ့အလင်း)

ရန်ကုန်ယူနိုက်တက်အသင်း CEO ဦးစိုင်းခင်မောင်အေးနှင့် အောင်အောင်ဦးတို့ စာချုပ် ချုပ်ဆိုအပြီး။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

လားရှိုးမြို့နယ် သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာစည်းဝေး

လားရှိုး ဧပြီ ၈

လားရှိုးမြို့နယ် သမဝါယမအသင်းစု၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မတ် ၂၅ရက်က ကမ္ဘောဇအထွေထွေစီးပွားရေး သမဝါယမအသင်းလီမိတက်ရုံးခန်းမ၌ ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန (မြောက်ပိုင်းရုံးခွဲ)မှ ဦးလင်းထွဋ်မိုး တက်ရောက် အမှာစကားပြောကြားသည်။ မြို့နယ် ဖွဲ့စည်းရေးကော်မရှင်ဥက္ကဋ္ဌ သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အယ်နီကိုင်ဖနှင့် ကော်မရှင်အဖွဲ့ဝင်များက ယင်းအသင်းအတွက် အမှုဆောင် ဥက္ကဋ္ဌ ဦးခန့်ရွှေနှင့် အမှုဆောင်ခုနစ်ဦး၊ အသင်းသားစာရင်းဝင်နှစ်ဦးတို့အား ရွေးချယ်ဖွဲ့စည်းကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ပဏာမလက်ရွေးစင်အသင်း ဂိုးသွင်းစွမ်းရည်ပြ ကမ္ဘောဇအသင်း လူမစုံ၍ ခြေစွမ်းမပြနိုင်ခဲ့

သတင်းမှတ်စုနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် ◇ စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၈

AFC Challenge Cup ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမလက်ရွေးစင် ဘောလုံးအသင်းနဲ့ AFC President's Cup ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် ကမ္ဘောဇ ဘောလုံးအသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ ညနေ ၄နာရီတွင် သုဝဏ္ဏကွင်း၌ကျင်းပရာ ပဏာမလက်ရွေးစင်အသင်းက လေးဂိုး-ဂိုးမရှိနဲ့ အနိုင်ရသွားပါတယ်။

ကမ္ဘောဇအသင်း အုပ်ချုပ်သူ ဦးမောင်မောင်လောက် အကောင်းဆုံးဆုရ ပြည့်ဖြိုးဦးအား ငွေကျပ် ငါးသိန်း ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ပဏာမ လက်ရွေးစင်အသင်း - လေးဂိုး - ကမ္ဘောဇ အသင်း - ဂိုးမရှိ

နိုင်ငံတကာပြိုင်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ လေ့ကျင့်ပြင်ဆင်နေတဲ့ ပဏာမလက်ရွေးစင်အသင်းနဲ့ ကမ္ဘောဇကလပ်အသင်းတို့ ခြေစမ်းကစားကြတာဖြစ်ပြီး ပဏာမလက်ရွေးစင်အသင်းက ခြေစွမ်းပြပြီး ဂိုးပြတ်အနိုင်ရသွားပါတယ်။ ကမ္ဘောဇအသင်းကတော့ လက်ရွေးစင်အသင်းကို ပေးထားရတဲ့ ခင်မောင်လွင်၊ မိုးဝင်း၊ ဝင်းမင်းထွဋ်၊ ဟန်ဝင်းအောင်၊ ကျော်ဇင်ထက်(**ဂိုး**)၊ အေးဆန်းနဲ့ ကျော်သီဟ စတဲ့ အမာခံခုနစ်ဦး မပါဝင်တာကြောင့် အကောင်းဆုံးပုံစံ မရခဲ့ဘဲ ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။ ဧပြီလ နောက်ဆုံးပတ်မှာ AFC Challenge Cup ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မယ့် ပဏာမလက်ရွေးစင်အသင်းရဲ့ ဒုတိယမြောက်ခြေစမ်းပွဲဖြစ်ပြီး မတ် ၄ရက်က ကစားခဲ့တဲ့ပွဲမှာလည်း မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် Delta United အသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရထားပါတယ်။

လူမစုံ

AFC President's Cup ဘောလုံးပြိုင်ပွဲကို ယှဉ်ပြိုင်မည့် ကမ္ဘောဇအသင်းကတော့ လူမစုံတာကြောင့် လိုအပ်ချက်တွေရှိခဲ့ပြီး အလယ်တန်းက တိုက်စစ်ကို အကောင်းဆုံး မပံ့ပိုးနိုင်တာကြောင့်လည်း ခြေရောဂိုးပါ ရှုံးနိမ့်ခဲ့ရတယ်ဆိုရင် မမှားပါဘူး။ အခုခြေစမ်းပွဲမှာ AFC President's Cup ပြိုင်ပွဲအတွက် အငှားခေါ်ယူထားတဲ့ တိုက်စစ်မှူး စိုးမြတ်မင်း ပါဝင်ကစားခဲ့ပေမယ့် သူ့ကို ပံ့ပိုးပေးမယ့်သူ မရှိသလို ကွင်းလယ်အထိ ဘောလုံးဆင်းယူနေရလို့ ခြေစွမ်းမပြနိုင်ခဲ့ပါဘူး။ ပဏာမလက်ရွေးစင် အသင်းကတော့ Delta United ကို အနိုင်ယူခဲ့တဲ့ ပွဲထွက်လူစာရင်းအတိုင်းပဲ ၄-၄-၁-၁ ပုံစံနဲ့ ပွဲထွက်ခဲ့ပါတယ်။ တစ်ဦးချင်းရော တွဲလုံးတွေနဲ့ပါ ထိုးဖောက်ကစားခဲ့တဲ့ ပဏာမလက်ရွေးစင်အသင်းဟာ ပွဲအစ ခုနစ်မိနစ်မှာပဲ ဂိုးစတင်ရရှိသွားခဲ့ပါတယ်။ ဘယ်ခြမ်းက မျိုးမင်းထွန်းပေးတာကို ဘိုဘိုအောင်က ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။

ထပ်မံသွင်းယူနိုင်ခဲ့

ဂိုးပေးရပြီးနောက်ပိုင်းမှာ ကမ္ဘောဇတို့ ချေပဂိုးရဖို့ ကြိုးစားလာခဲ့ပေမယ့် နေဇော်ထက်၊ အောင်ကျော်ဦး၊ တင့်နိုင်ထွန်းသိန်းနဲ့ အောင်သန်းဝင်းတို့ရဲ့ ကွင်းလယ်ဟာ လက်ရွေးစင် အလယ်တန်းကို မယှဉ်နိုင်ခဲ့တာကြောင့် တိုက်စစ်ကိုထိရောက်တဲ့ ပံ့ပိုးမှုတွေမလုပ်ပေးနိုင်ခဲ့ပါဘူး။ ဒုတိယပိုင်းမှာတော့ ကမ္ဘောဇအသင်းဟာ တိုက်စစ်ပိုင်းမှာ လူအပြောင်းအလဲလုပ်ပြီး တိုက်စစ်အားမြှင့်ခဲ့ပါတယ်။ ၄၇ မိနစ်မှာ အသင်းခေါင်းဆောင် စိုးမြတ်မင်း အပိုင်ကန်ခွင့်ရခဲ့ပေမယ့် ဂိုးသမား ကျော်ဇင်ထက် ကာကွယ်နိုင်ခဲ့လို့ ကမ္ဘောဇ နစ်နာခဲ့ရပါတယ်။ ပဏာမလက်ရွေးစင်အသင်းဟာ မျိုးမင်းထွန်းနဲ့ ဘိုဘိုအောင်တို့ရဲ့ တောင်ပံနှစ်ဖက်ကို အားပြုတိုက်စစ်ဆင်ခဲ့ပြီး တိုက်စစ်မှူးတွေဖြစ်တဲ့ ပြည့်ဖြိုးဦးနဲ့ ရာဇာဝင်းသိန်းတို့ကလည်း ခြေစွမ်းပြနိုင်ခဲ့တာကြောင့် ဂိုးတွေ ထပ်မံသွင်းယူနိုင်ခဲ့ပါတယ်။ ပဏာမလက်ရွေးစင်အသင်းအတွက် အနိုင်ဂိုးတွေကိုတော့ ၆၄မိနစ်မှာ ရာဇာဝင်းသိန်းက ဒုတိယဂိုး၊ ၈၆ မိနစ်မှာ ခင်မောင်လွင်က တတိယဂိုးနဲ့ ၈၉မိနစ်မှာ စိုးမင်းနိုင်က စတုတ္ထဂိုးတို့ကို သွင်းယူသွားခဲ့ပါတယ်။

ဆုပေးအပ်

ပွဲအပြီးမှာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ချီးမြှင့်တဲ့ဆုကြေးငွေများကို ကမ္ဘောဇအသင်းအုပ်ချုပ်သူ ဦးမောင်မောင်လောက်က အကောင်းဆုံးဆုရ ပြည့်ဖြိုးဦးအား ငွေကျပ်ငါးသိန်း၊ ကမ္ဘောဇဘဏ်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းနိုင်က အနိုင်ရသွားတဲ့ ပဏာမလက်ရွေးစင် အသင်းကို ငွေကျပ် ၂၅ သိန်းတို့ကို ချီးမြှင့်ခဲ့ပါတယ်။

သူတို့ပါဝင်

ပဏာမလက်ရွေးစင်အသင်းမှာ **ဂိုး**-ကျော်ဇင်ထက်(ဇော်မိုးထက်)၊ **နောက်တန်း**-မျိုးဇော်ထွန်း၊ ဝင်းမင်းထွဋ်၊ မိုးဝင်း၊ ခင်မောင်လွင်၊ **အလယ်တန်း**-ဇော်ထက်အောင်၊ စိုးသီဟအောင်(တင်ဝင်းအောင်)၊ ဘိုဘိုအောင် (စိုးမင်းနိုင်)၊ မျိုးမင်းထွန်း(ပိုင်စိုး)၊ **ရှေ့တန်း**-ရာဇာဝင်းသိန်း(ထွန်းထွန်းဝင်း)နဲ့ ပြည့်ဖြိုးဦးတို့ ပါဝင်ကစားခဲ့ပြီး ကမ္ဘောဇအသင်းမှာ **ဂိုး**-ရဝေဇင်၊ **နောက်တန်း**-မင်းမင်းထွန်း၊ အောင်ဝင်းနိုင်၊ မျိုးမြင့်အောင်၊ ဉာဏ်လွင်၊ **အလယ်တန်း**-နေထက်ဇော် (စထက်နိုင်ဝင်း)၊ အောင်သန်းဝင်း၊ တင့်နိုင်ထွန်းသိန်း၊ အောင်ကျော်ဦး (တင်အောင်မိုး၊ နေဝင်းအောင်)၊ **ရှေ့တန်း**-စိုးမြတ်မင်းနဲ့ စိုးမင်းဦးတို့ ပါဝင်ကစားခဲ့ကြပါတယ်။ ။ **(မြန်မာ့အလင်း)**

လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များ အပတ်စဉ် ၁၇၊ ၁၈နှင့် ၁၉တို့ ပူးပေါင်း၍ ဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် အမှတ်တရ တွေ့ဆုံပွဲကို မေ ၂ရက်(စနေနေ့) ညနေ ၅နာရီတွင် လမ်းမတော်မြို့နယ် ဝါးတန်းလမ်း Panda Hotel ၌ကျင်းပမည်ဖြစ်ရာ အထက်ဖော်ပြပါ အပတ်စဉ်များမှ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး ကြွရောက်ပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးမောင်မောင်အောင် ဖုန်း-၀၉-၅၀-၈၅၁၃၁၊ ၀၉-၉၉-၂၂၅၇၂၊ ဦးရဲရင့်ဝင်း ဖုန်း-၀၉-၈၀-၂၄၈၀၁၊ ဦးမိုးကျော် ဖုန်း-၀၉-၅၁-၅၄၅၇၄၊ ၂၀၁၇၉၈၊ ၂၉၆၁၆၄၊ ဦးမျိုးမင်းထွေး ဖုန်း-၀၉-၅၀-၂၀၃၄၉၊ ၂၄၅၆၇၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

နောက်ပွဲစဉ်မှာ အနိုင်ရအောင်ကစားမယ် ဖာဂူဆန်(မန်ယူနည်းပြ)
ကျွန်တော်တို့လက်ထဲမှာ အခွင့်အရေးတွေရောက်နေပြီ ဖရဲရား(ပေါ်တိုနည်းပြ)

အားကစားမှတ်စု - မိုးမြင့်လင်းလက်

CHAMPIONS LEAGUE

လန်ဒန် ဧပြီ ၈

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ ပွဲစဉ်တွေကို ဧပြီ ၇ရက်က ယှဉ်ပြိုင်ကစားတဲ့အခါ လက်ရှိချန်ပီယံ မန်ယူဟာ အိမ်ကွင်းမှာ ပေါ်တိုကို နှစ်ဂိုးစီ သရေ ရလဒ်ရအောင် အကြိတ်အနယ် ကစားခဲ့ရပါတယ်။

ဒီပွဲ ရလဒ်အရ မန်ယူဟာ အိမ်ကွင်းမှာ သရေပွဲဖြစ်ခဲ့ပေမယ့် နှစ်ဂိုးအသွင်းခံခဲ့ရတဲ့အတွက် အဝေးကွင်းမှာ သွန်ကစားမှ ရတော့မယ့်အနေအထား ရောက်ရှိသွားပါတယ်။ ဒီပွဲစဉ်ကစားအပြီးမှာ မန်ယူနည်းပြ ဖာဂူဆန်က "ဒီပွဲမှာ ကျွန်တော်တို့ သရေပွဲဖြစ်ခဲ့လို့ ပေါ်တိုကွင်းမှာ မလွယ်ဘူးဆိုတာ အဓိပ္ပာယ်မရှိပါဘူး။ အခုမှ တကယ့်ပြိုင်ပွဲ စတင်တော့မှာပါ။ အဝေးကွင်းမှာ အခက်အခဲရှိတာ မှန်ပေမယ့် အနိုင်ရလိုတဲ့ စိတ်ဓာတ်ပြင်းပြမှုကတော့ အမြင့်ဆုံးရောက်နေပါပြီ။ ကျွန်တော်တို့ အနိုင်ရအောင်ကစားမှာပါ" လို့ ပြောကြားလိုက်ပါတယ်။

"အနိုင်ရအောင်ကစားမှာပါ" (ဖာဂူဆန်)

"အနိုင်ရသင့်တဲ့ပွဲပါ" (ဖရဲရား)

ဒီပွဲမှာ ပွဲပန်းနေတဲ့မန်ယူဟာ အမာခံကစားသမားတွေ ထုတ်သုံးခဲ့ပေမယ့် အနိုင်ရလိုဇောကပ်နေတာမို့ သရေပွဲဖြစ်အောင် အကြိတ်အနယ်ကစားခဲ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး "ပေါ်တိုအသင်းကစားတာ ကောင်းပါတယ်။ ကျွန်တော်တို့ ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတယ်။ ဒါပေမယ့် မန်ယူဟာ ပုံမှန်ခြေစွမ်းနဲ့ ကစားခဲ့တာပါ။ လူငယ်တွေလည်း အားကိုးလို့ရနေတော့ အသင်းအနေအထားကို ကောင်းသထက်ကောင်းအောင် ပုံသွင်းလို့ရနေပါတယ်။ စိုးရိမ်စရာမရှိပါဘူး" လို့ ဖာဂူဆန်က ဆက်လက် ပြောကြားပါတယ်။

ပေါ်တိုအသင်းဟာ အင်္ဂလန်အသင်းတွေနဲ့ အင်္ဂလန်မြေပေါ်မှာ အခုအချိန်အထိ ၁၁ပွဲကစားပြီးတဲ့အခါ မန်ယူပွဲအပါအဝင် ငါးပွဲအနိုင်ရခဲ့ပါတယ်။ ပေါ်တိုခြေစွမ်းကို အသိအမှတ်ပြုပေမယ့် မန်ယူနည်းပြဖာဂူဆန်ကတော့ "ကျွန်တော်တို့ အနိုင်ရအောင် ကစားမယ်ဆိုတဲ့ စိတ်ဓာတ်ပဲရှိပါတယ်" လို့ ပြောကြားနေပါတယ်။

မန်ယူကို အိမ်ကွင်းမှာ အဖွင့်ဂိုး စတင်သွင်းယူနိုင်တဲ့အပြင် နှစ်ဂိုးစီ သရေပွဲဖြစ်အောင် ကစားနိုင်ခဲ့တဲ့ ပေါ်တိုအသင်းရဲ့နည်းပြဖရဲရားကတော့ "ကျွန်တော်တို့ အနိုင်ရသင့်တဲ့ပွဲပါပဲ။ မန်ယူအသင်းကစားတာလည်း ကောင်းပါတယ်။ ဒီပွဲဟာ ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့ပါတယ်။ ပေါ်တိုကစားသမားတွေဟာ ဒီထက်ကောင်းအောင် စွမ်းရည်ပြနိုင်တဲ့သူတွေမို့ အိမ်ကွင်းမှာတော့ ရလဒ်ကောင်းအောင် ကစားမှာပါ။ သရေဆိုတဲ့အခွင့်အရေးနဲ့ အဝေးကွင်းနှစ်ဂိုးသွင်းထားနိုင်တဲ့ အနေအထားက ကျွန်တော်တို့ ကစားသမားတွေရဲ့ စိတ်ဓာတ်ကို မြှင့်တင်ပေးလိုက်သလိုပါပဲ။ ကျွန်တော်တို့ ရရှိထားတဲ့အခြေအနေထက် ဘာဖြစ်လို့ ပိုကောင်းအောင်မလုပ်နိုင်ရမှာလဲ" လို့ ပြောကြားသွားပါတယ်။ ဒါကြောင့် ပေါ်တိုနဲ့မန်ယူတို့ရဲ့ ဒုတိယအကျော့ပွဲစဉ်ဟာ တကယ့်ကို အကြိတ်အနယ်ရှိမှာ သေချာနေပါတယ်။ ။ **(အင်တာနက်)**

9-4 (12).pmd 1 4/9/2009, 5:34 AM

Kremil-S

United Pharma (Yangon) Co., Ltd. [illegible] Kremil-S [illegible]

[illegible] Kremil-S [illegible] R1205A2382 [illegible]

Kremil-S (Reformulated) [illegible] 1112A8120 [illegible]

(၃၁)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်သောဖေကြီး **ဒေါက်တာဦးဟန်စိန်** နှင့် ချစ်သောမေကြီး **ဒေါ်ခင်မေယု**တို့၏ ၉-၄-၂၀၀၉ရက်တွင် ကျရောက်သော (၃၁)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း များစွာတိုင်အောင် လောကီ၊ လောကုတ္တရာအကျိုးနှစ်ဖြာကို သမီးတို့နဲ့အတူတူ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာနှင့် ရှက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်-

ချစ်သမီးများ -

သမီးကြီး	-	ဒေါ်အိအိဟန်	နည်းပြ၊ ဝါဏိဇ္ဇဗေဒဌာန၊ မုံရွာစီးပွားရေးတက္ကသိုလ်
သမီးလတ်	-	ဒေါက်တာဇင်မာဟန်	သရုပ်ပြဆရာဝန်၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်(မန္တလေး)
သမီးငယ်	-	မစုစုဟန်	နောက်ဆုံးနှစ် အပိုင်း(ခ)၊ ဆေးတက္ကသိုလ်(မကွေး)။

City Mart Supermarket

City Mart supermarket များတွင် ဝယ်ယူအားပေးနေကြသူများအားလုံး ပျော်ရွှင်ရသောအတာသင်္ကြန်ပွဲကိုဆင်နွှဲရင်း နှစ်သစ်ကို မင်္ဂလာရှိစွာ ကြိုဆိုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

City Mart supermarket များကိုမဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ၂၀၀၉ ခုနှစ်ဧပြီလ ၁၃ ရက်မှ ၁၇ ရက်အထိ ပိတ်ထားမည်ဖြစ်ပြီး ဧပြီလ ၁၈ ရက် မှ စ၍ ပုံမှန်အတိုင်း နံနက် ၉:၀၀ နာရီမှ ည ၉:၀၀ နာရီ အထိ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပါတယ်။

ကျေးဇူးတင်ပါသည်။

City Mart supermarket

ရန်ကုန်ပါလီသန်

382323, 382337 551571, 551494 02-62253 09-6802596

518311, 518088 216782

663317, 660283, 251230, 681310

Ocean Supercenter

Ocean Supercenter များတွင် ဝယ်ယူအားပေးနေကြသူများအားလုံး ပျော်ရွှင်ရသောအတာသင်္ကြန်ပွဲကိုဆင်နွှဲရင်း နှစ်သစ်ကို မင်္ဂလာရှိစွာ ကြိုဆိုနိုင်ကြပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါတယ်။

Ocean Supercenter များကိုမဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ၂၀၀၉ ခုနှစ်ဧပြီလ ၁၃ ရက်မှ ၁၇ ရက်အထိ ပိတ်ထားမည်ဖြစ်ပြီး ဧပြီလ ၁၈ ရက် မှ စ၍ ပုံမှန်အတိုင်း နံနက် ၉:၀၀ နာရီမှ ည ၉:၀၀ နာရီ အထိ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပါတယ်။

ကျေးဇူးတင်ပါသည်။

Ocean Supercenter

လူပျောက်ကြော်ငြာ



အထက်ပါ ဓာတ်ပုံပိုင်ရှင် ဦးဖိုးကော် အသက်(၇၀)သည် ၁၈-၃-၂၀၀၉ရက်(ဗုဒ္ဓဟူးနေ့) တွင် ရွှေပြည်သာသို့သွားရာ ပျောက်ဆုံးနေသည် ဖြစ်ပါ၍ တွေ့ရှိပါက အမြန်ဆုံး သတင်းပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကျေးဇူးအထူးဆပ်ပါမည်။

ဆက်သွယ်ရန် ဖုန်း-၆၄၅၅၁၁၊ ၀၉-၅၁-၂၄၀၈၄၊ အမှတ် ၇၂၅၊ ဘုရင့်နောင်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့။

ရက္ခိုင်မောင်မယ် သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဧပြီ ၈

ရွှေတိဂုံစေတီတော် ရက္ခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်းမှ (၁၈)ကြိမ်မြောက် ရိုးရာသက်ကြီး ပူဇော်ပွဲကို ဧပြီ၁၇ရက် (နှစ်ဆန်း ၁ရက်နေ့) မွန်းလွဲ ၁နာရီတွင် ရခိုင်ပြည်နယ်မွေးရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ စာရင်းပေးသွင်းထားကြသော အသက် ၈၀ နှင့်အထက် အဘိုးရှင်၊ အဘွားရှင်များ ကိုယ်တိုင်ကိုယ်ကျ ကြွရောက်ချီးမြှင့် အပူဇော်ခံယူကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

မြန်မာ့နှစ်သစ်ကူးအလှူ သွေးလှူဒါန်း

ရန်ကုန် ဧပြီ ၈

မြန်မာ့နှစ်သစ်ကူး အလှူဒါနအဖြစ် စူပရင်းကုမ္ပဏီများအုပ်စု၏ ပထမအကြိမ် ဝန်ထမ်းမိသားစုများ စုပေါင်း သွေးလှူဒါန်းပွဲကို စူပရင်းကုမ္ပဏီများအုပ်စု ရုံးတည်ရှိရာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာ အမှတ် ၈၇/၈၉ ၌ ဧပြီ ၆ရက် နံနက် ၈နာရီခွဲက ကျင်းပသည်။

အလှူငွေပေးအပ်

စုပေါင်း သွေးလှူဒါန်းပွဲ မစတင်မီ စူပရင်း ကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်နှင့်ဇနီး ဒေါ်မြတ်သန္တာမိသားစုက သွေးလှူဘဏ်မှ တွဲဖက်ပါမောက္ခ တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာသီတာအောင်ထံ သွေးလှူဘဏ်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ ပေးအပ်သည်။

လက်ခံ

ထို့နောက် စူပရင်းကုမ္ပဏီများ အုပ်စုမှ ဝန်ထမ်း ၄၆ဦးတို့က စုပေါင်း သွေးလှူဒါန်းကြရာ သွေးလှူဘဏ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာသီတာအောင်နှင့် ဆရာဝန်၊ ဆရာမများက သန့်ရှင်းသော သွေးများကို လက်ခံရယူကြသည်။ **(အောက်ပုံ)**

ပံ့ပိုး

သွေးလှူဒါန်းကြသည့် ဝန်ထမ်းများအား ဟောလစ်၊ အားဆေး၊ ကြက်ဥနှင့် အခြား ထောက်ပံ့ပစ္စည်းများကို စူပရင်းကုမ္ပဏီများအုပ်စုမှ ပံ့ပိုးပေးခဲ့ကြသည်။ **(မြန်မာ့အလင်း)**

သင့်သွေးဖြင့် အသက်ကယ်ပါ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၄-၂၀၀၉ရက် (ကြာသပတေးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**တရားဘယ်လိုကျင့်ရမလဲ တရားတော်** (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၈း၁၀-၂း၁၀	Activities in the City (အထက(၂)လသာ အလှူတော်မင်္ဂလာ)
၈း၂၀-၂း၂၀	ခါသင်္ကြန်အဆိုအက
၈း၃၀-၂း၃၀	အနုပညာ မိုးကောင်းကင်
၉း၀၅-၃း၀၅	အရွယ်တင် နုပျိုကျန်းမာစေသော Antioxidant
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	လောကီ လောကုတ္တရာ နှစ်ဖြာချမ်းသာ ဝိသာခါ
၉း၄၀-၃း၄၀	ခါသင်္ကြန်အဆိုအက
၉း၄၅-၃း၄၅	တို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကို ငြင်းပယ်စို့
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	မြန်မာစာ၊ မြန်မာစကား
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ပုစွန်ချဉ်စပ်ဟင်း)
၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	ကွင်းမြေနမူနာထုတ်ယူခြင်းမှ ရရှိလာသော မြေနမူနာများအား ဓာတ်ခွဲစမ်းသပ်ခြင်း
၁၁း၁၀-၅း၁၀	ခါသင်္ကြန် အဆိုအက
၁၁း၁၅-၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမေသူနှင့်တွေ့ဆုံခြင်း)
၁၁း၄၅-၅း၄၅	မြန်မာ့စပီရူလိုင်းနား
၁၂း၀၀-၆း၀၀	ခေတ်အဆက်ဆက် စီးဆင်းအတာသင်္ကြန်တေးသီချင်းများ
၁၂း၄၀-၆း၄၀	ယွန်းအနုပညာတစ်ခု၏ ဖြစ်တည်ရာ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၉ခုနှစ် ဧပြီလအတွက်

(၁၂-၄-၂၀၀၉)ရက်နေ့

နှင့်

(၂၆-၄-၂၀၀၉)ရက်နေ့

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး စွပ်ပြုတ်အိုး

နယူးဇီလန်နိုင်ငံ မာနူကာယူမြို့တွင် ဟင်းသီးဟင်းရွက် စွပ်ပြုတ်ရည် လီတာ ၂၅၂၀၀ ဆံ့သော စွပ်ပြုတ်အိုးကြီး၌ ရေ ၁၈၁၆၇လီတာ၊ အာလူးနှင့် ခရမ်းချဉ်သီး ကီလိုဂရမ် ၅၀၀၀၊ ကြက်သွန်နှင့် ဟင်းခတ်အမွှေးအကြိုင် ၃၃၃ကီလိုဂရမ်၊ ဟင်းရွက်နှင့် သားငါးအမှုန့် ၁၂၅ ကီလိုဂရမ်တို့ကို ပေါင်းစပ်ချက်ပြုတ်ထားသဖြင့် ကမ္ဘာပေါ်တွင် အကြီးဆုံးစွပ်ပြုတ်အိုး ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

(အင်တာနက်ဓာတ်ပုံ)



ကမ္ဘာ့အရပ်အမြင့်ဆုံး လူသား

ယူကရိန်းနိုင်ငံသား အသက် ၃၆နှစ်အရွယ် လီယိုနစ်စတာနစ် အမည်ရှိ အမျိုးသားတစ်ဦး၏အရပ်မှာ ၈ပေ ၅လက်မရှိရာ ကမ္ဘာပေါ်တွင် အရပ်အမြင့်ဆုံးလူသားတစ်ဦးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အပေါ်ပုံ)** **(အင်တာနက်ဓာတ်ပုံ)**

ဘဝဒဿန

By gaming we lose both our time and treasure two things most precious. to the life of man.

လောင်းကစားခြင်းဖြင့် လူ့ဘဝ၏အဖိုးတန်ဆုံးအရာနှစ်ခုဖြစ်သည့် အချိန်နှင့် ဥစ္စာနှစ်မျိုးစလုံးကို ကျွန်ုပ်တို့ ဆုံးရှုံးရသည်။

အိုဝင်ဖဲလ်သမ်

(အင်္ဂလိပ်လူမျိုးစာရေးဆရာ)

ဘဝအမောပြေ

ဖြစ်ရမယ်....

မူလတန်းကျောင်းတစ်ကျောင်းတွင် စာမရသောတပည့်တစ်ဦးအား ဆရာမက ပြစ်ဒဏ်ပေးလေသည်။

ဆရာမ ။ ။ဂျွန်...သင်ခန်းစာတွေ မကျက်ခဲ့ဘူးလား။

ဂျွန် ။ ။ဟုတ်ကဲ့။

ဆရာမ ။ ။ဒါဆိုရင်...နေ့ခင်းမုန့်စားချိန်မှာ သွားစားခွင့်မရဘူး...

ဂျွန် ။ ။ဟုတ်ကဲ့...

(မုန့်စားချိန်၌ ဂျွန်သည်စာသင်ခန်းအပြင်ဘက်၌ သူငယ်ချင်းများနှင့် ဘောလုံးကန်လျက်ရှိရာ)

ဆရာမ ။ ။ဂျွန်...လာစမ်း...ဆရာမ ဘာပြောထားလဲ။

ဂျွန် ။ ။ကျွန်တော် မုန့်သွားမစားပါဘူးဆရာမ...

သူငယ်ချင်းတွေနဲ့ ဘောလုံးကန်နေတာပါ...

ဆရာမ ။ ။**'ဘာ'**

အင်တာနက် ကျန်းမာရေး

အဝလွန်သူများ သွားဖုံးရောဂါဖြစ်ပွားရန် အခွင့်အလမ်းများ

ခန္ဓာကိုယ်အလေးချိန် သာမန်ထက်များသူနှင့် အဝလွန်သူများသည် သွားဖုံးနှင့် ခံတွင်းရောဂါများ ဖြစ်ပွားနိုင်မှု အခွင့်အလမ်းပိုများကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

ပိုမိုများ

အဝလွန်သူများသည် သာမန် ကိုယ်အလေးချိန် ရှိသူများထက် ခံတွင်းရောဂါဖြစ်ပွားမှု ပိုမိုများကြောင်း၊ ခံတွင်းရောဂါဖြစ်ပွားသူ ၃၇၀၀၀အား သုတေသနပြု လေ့လာခဲ့ရာ အဝလွန်သူဦးရေမှာ ၅၀ရာခိုင်နှုန်းကျော် ရှိနေကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ကွဲပြား

ထိုသို့ခံတွင်းရောဂါဖြစ်ပွားရာတွင် အဝလွန်မှုအနေအထားနှင့် အရပ်အနိမ့်အမြင့်များအပေါ် အခြေခံကာ ခံတွင်းရောဂါဖြစ်ပွားမှု အခွင့်အလမ်း အနည်းအများ ကွဲပြားသွားကြောင်း သိရသည်။

သတိပေး

အဝလွန်သူများတွင် အများအားဖြင့် အစားအစာကို လွန်ကျူးစွာ စားသုံးလေ့ရှိသူများဖြစ်ရာ ခန္ဓာကိုယ်တွင်း ဇီဝဖြစ်စဉ်များ ပြောင်းလဲမှုချို့ယွင်းခြင်းကြောင့် သွားဖုံး ပြည်တည်ရောဂါ၊ ရေစီးကမ်းပြိုရောဂါနှင့် သွားဖုံး ကင်ဆာများပါ ဖြစ်ပွားနိုင်ကြောင်း ဗြိတိသျှသုတေသန ပညာရှင်များက သတိပေးထားသည်။

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

တီဗွီဂိမ်းစက်နှင့် ကစားနည်းများကို တီထွင်ခဲ့သူ ဂျာမန်တီထွင်ပညာရှင် ရဲ့လ်ဖ်အိတ်ချ် ဘာအာ

၁၉၂၂

ယနေ့တိုးတက်သော ခေတ်ကြီးတွင် ဗီဒီယိုဂိမ်း၊ တီဗွီဂိမ်းစသည့် ကလေးငယ်များ နှစ်ခြိုက်စွာ ကစားနေကြသည့် ကစားနည်းများကို တီထွင်ခဲ့သူမှာ ဂျာမနီနိုင်ငံဖွား ဂျူးလူမျိုး ရဲ့လ်ဖ်အိတ်ချ်ဘာအာ ဖြစ်သည်။

ထွက်ပြေးလွတ်မြောက်

ယင်းကစားနည်းများကို တီထွင်ခဲ့သူ ရဲ့လ်ဖ်အိတ်ချ်ဘာအာကို ၁၉၂၂ခုနှစ် မတ် ၈ရက်တွင် ဂျာမနီနိုင်ငံ ပီရ်မာဆင်မြို့၌ မွေးဖွားခဲ့သည်။ ဘာအာသည် ဂျူးလူမျိုးတစ်ဦးဖြစ်သောကြောင့် ငယ်စဉ်ကပင် ပြည်နှင်ဒဏ်ခံရပြီး ဂျူးကျောင်းတွင် တက်ရောက် ပညာသင်ယူခဲ့ရသည်။ ထိုစဉ်က သူ၏ဖခင်သည် ပီရ်မာဆင်မြို့ရှိ ဖိနပ်စက်ရုံတစ်ရုံတွင် အလုပ်လုပ်ကိုင်ခဲ့သည်။ ဂျူးလူမျိုးများအား မျိုးဖြုတ်သတ်ဖြတ်မှု မဖြစ်ပွားမီ နှစ်လအလိုတွင် သူ၏ မိသားစုများသည် ဂျာမနီမှ ထွက်ပြေးလွတ်မြောက်ခဲ့သည်။

ရွေးချယ်စေလွှတ်ခံရ

ဘာအာသည် အမေရိကန်နိုင်ငံတွင် ၎င်းဘာသာ ပညာလေ့လာသင်ယူခဲ့ပြီး စက်ရုံတစ်ရုံ၌ တစ်ပတ်လျှင် ၁၂ဒေါ်လာ

ရဲ့လ်ဖ်အိတ်ချ်ဘာအာ။

ဖြင့် အလုပ်လုပ်ခဲ့သည်။ ၎င်းသည် ၁၉၄၀ ပြည့်နှစ်တွင် အမျိုးသားရေဒီယိုနည်းပညာ တက္ကသိုလ်မှ ရေဒီယိုနည်းပညာဘွဲ့ ရရှိခဲ့သည်။ ၁၉၄၃ခုနှစ်တွင် ဘာအာသည် ဒုတိယကမ္ဘာစစ်၌ တိုက်ပွဲဝင်ရန် အထူးရွေးချယ်စေလွှတ်ခြင်းခံခဲ့ရပြီး လန်ဒန်မြို့ရှိ အမေရိကန်စစ်ဌာနချုပ် စစ်ဘက် ထောက်လှမ်းရေးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ရသည်။

လုပ်ကိုင်

ဘာအာသည် ၁၉၄၉ခုနှစ်တွင် အမေရိကန်နိုင်ငံ ချီကာဂိုမြို့ရှိ အမေရိကန် ရုပ်မြင်သံကြား နည်းပညာတက္ကသိုလ်မှ ရုပ်မြင်သံကြား အင်ဂျင်နီယာသိပ္ပံဘွဲ့ကို ရရှိခဲ့သည်။ သူသည် အီလက်ထရွန်နစ် ကုမ္ပဏီအချို့တွင် အလုပ်လုပ်ကိုင်ခဲ့ပြီးနောက် ၁၉၅၈ခုနှစ်၌ ဆန်ဒါအဆိုစီရိတ် ကုမ္ပဏီနှင့် မဆက်သွယ်မီ ကိုယ်ပိုင် ကုမ္ပဏီ ထူထောင်ခဲ့သည်။ ၎င်းသည် ယင်း ကုမ္ပဏီနှင့် ဆက်သွယ်ပြီးနောက် လုပ်ငန်းမှ အနားယူသည့် ၁၉၈၇ခုနှစ်အထိ ယင်း ကုမ္ပဏီတွင်ပင် လုပ်ကိုင်ခဲ့သည်။

ထူထောင်နိုင်

ဘာအာသည် အိမ်တွင်ကစားနိုင်သည့် ဘရောင်းဘောက်စ်အမည်ရှိ ပထမဦးဆုံး တီဗွီဂိမ်းစက်ကို တီထွင်ခဲ့သည့်အတွက် အထူးထင်ရှားကျော်ကြားခဲ့သည်။ ၎င်း၏ ရှေ့ဆောင်တီထွင်မှုများကို တီဗွီဂိမ်းကစားနည်းများအဖြစ် ကဏ္ဍတစ်ရပ် ထူထောင်နိုင်ခဲ့သည်။

ဘာအာသည် ၎င်း၏ လုပ်ငန်းကို မိုက်ခရိုစ်ပရို့စ်နည်းပညာ ကုမ္ပဏီပိုင်ရှင် ဘော့ဘ်ပီလိုဗစ်ဖ်နှင့် ဖက်စပ်လုပ်ကိုင်ခဲ့သည်။ ၎င်းတို့နှစ်ဦးသည် ၁၉၈၃ခုနှစ်မှ စတင်ကာ ကလေးကစားစရာများနှင့် ဂိမ်းကစားနည်းများကို တီထွင်ကာ ဈေးကွက်ချဲ့ထွင်ခဲ့သည်။

တီထွင်ပြီးစီးခဲ့

ဘာအာသည် ၂၀၀၆ခုနှစ်တွင် ၎င်း၏ ဟတ်ဒ်ဝဲ ရှေ့ပြေးပုံစံများနှင့် စာရွက်စာတမ်းများအားလုံးကို စမစ်သ်ဆိုနီယံ ကုမ္ပဏီသို့ လှူဒါန်းခဲ့သည်။ သူသည် ယင်း ရှေ့ပြေးပုံစံ ဟတ်ဒ်ဝဲများကို ၁၉၆၈ခုနှစ် ကတည်းက တီထွင်ပြီးစီးခဲ့ခြင်း ဖြစ်သည်။

ဘာအာသည် တီဗွီဂိမ်းကိရိယာများကို ၁၉၇၁ခုနှစ် မတ် ၂၂ရက်တွင် မှတ်ပုံတင်ခဲ့သည်။ ၁၉၇၂ခုနှစ်တွင်မှ မဂ္ဂနာဘောက်စ်

ရဲ့လ်ဖ်အိတ်ချ်ဘာအာ တီထွင်ခဲ့သော တီဗွီဂိမ်းစက်။

အမည်ရှိ တီဗွီဂိမ်း ကစားသည့်စက်ကို ဘရောင်းဘောက်စ်အမည်ဖြင့် လိုင်စင် ပြုလုပ်ခဲ့ပြီး မဂ္ဂနာဘောက်စ်အိုဒက်စီ ကုမ္ပဏီက တရားဝင် ထုတ်လုပ်ဖြန့်ချိခဲ့သည်။

မှတ်ပုံတင်

ယင်းတီထွင်မှုပြုလုပ်ခဲ့သူ ဘာအာသည် ၁၉၇၃ခုနှစ် ဧပြီ ၁၇ရက်တွင် အမေရိကန်ဒေါ်လာ ၃၇၂၈၄၈၀ ဒေါ်လာ ဆုချီးမြှင့်ခံခဲ့ရသည်။ မိုက်ခရို ကွန်ပျူတာများကို ထိန်းချုပ်ကာ ကစားနည်းတွင် အသုံးပြုနိုင်ရေး မှတ်ပုံတင်ရန်အတွက် ၁၉၇၇ခုနှစ်၌ ဟိုဝပ်မော်ရစ်ဆန်နှင့် ဘာအာတို့နှစ်ဦးက သက်ဆိုင်ရာသို့ လျှောက်ထားခဲ့သည်။ ယင်းနှစ်တွင်ပင် ဆိုင်မွန်အမည်ဖြင့် တီဗွီဂိမ်းကစားနည်းကို မှတ်ပုံတင်ခဲ့သည်။ ၁၉၇၈ခုနှစ်တွင် ဆိုင်မွန်အမည်ဖြင့် ထုတ်လုပ်သော တီဗွီဂိမ်းစက်ကို မီလ်တန်ဘရက်ဒလေဆိုသူက ဖြန့်ချိခဲ့သည်။

ဆုတံဆိပ်

ဆိုင်မွန်တီဗွီဂိမ်းစက် တီထွင်ခဲ့မှုအတွက် ဘာအာသည် ၁၉၈၀ပြည့်နှစ် ဇွန် ၁၀ရက်တွင် အမေရိကန် ဒေါ်လာ ၄၂၀၇၀၈၇ ဒေါ်လာဆုချီးမြှင့်ခံခဲ့ရသည်။ ဘာအာသည် ၂၀၀၄ခုနှစ်တွင် အမျိုးသားနည်းပညာဆုတံဆိပ် ချီးမြှင့်ခံခဲ့ရသည်။ တီထွင်မှု၌ ထူးချွန်ပြောင်မြောက်လှသည့် ရဲ့လ်ဖ်ဘာအာသည် ယခုအခါ ဗြိတိန်နိုင်ငံ နယူးဟမ့်ပ်ရှိုင်းယားနယ် မန်ချက်စတာမြို့တွင် နေထိုင်လျက်ရှိပြီး ၎င်း ဝါသနာပါသည့် တီထွင်မှုလုပ်ငန်းများကို ဆတက်ထမ်းပိုး ကြိုးစားလုပ်ဆောင်လျက်ရှိပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ရေးသားသည်

ဘာအာသည် ၁၉၄၉ခုနှစ်တွင် အမေရိကန်နိုင်ငံ ချီကာဂိုမြို့ရှိ အမေရိကန် ရုပ်မြင်သံကြား နည်းပညာတက္ကသိုလ်မှ ရုပ်မြင်သံကြား အင်ဂျင်နီယာသိပ္ပံဘွဲ့ကို ရရှိခဲ့၊ သူသည် အီလက်ထရွန်နစ်ကုမ္ပဏီအချို့တွင် အလုပ်လုပ်ကိုင်ခဲ့ပြီးနောက် ၁၉၅၈ ခုနှစ်၌ ဆန်ဒါအဆိုစီရိတ်ကုမ္ပဏီနှင့် မဆက်သွယ်မီ ကိုယ်ပိုင် ကုမ္ပဏီ ထူထောင်ခဲ့။ ၎င်းသည် ယင်းကုမ္ပဏီနှင့် ဆက်သွယ်ပြီးနောက် လုပ်ငန်းမှ အနားယူသည့် ၁၉၈၇ခုနှစ်အထိ ယင်းကုမ္ပဏီတွင်ပင် လုပ်ကိုင်ခဲ့။

ဧရာမြေ အုန်းတစ်ပင်နှင့် မင်းဆယ်ဒေသ တစ်မူထူးခြား ဖွံ့ဖြိုးတိုးတက်

အုန်းတစ်ပင်ကျေးရွာ မြစ်ကမ်းဘေး သဲသောင်ပြင်တစ်လျှောက် မှိုင်းမှိုင်းညို့ညို့ ဓနိပင်ပျိုတန်းကြီးမှာ မျက်စိတစ်ဆုံး ရှုမျှော်၍ မဆုံးနိုင်အောင် ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

ရန်ကုန် ဧပြီ ၈

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ နားမည်ဖြစ်သည်။

ဧပြီ ၂၂ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။ (သတင်းစဉ်)

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း
သိန်းမင်းထက်

စာမျက်နှာဖွဲ့စည်းမှု
ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၈

မြန်မာ့သစ်တောထွက် ပစ္စည်းတစ်မျိုးဖြစ်သော ဓနိသည် ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသ ရေချိုရေငန်စပ်သော ဒေသများတွင် အောင်မြင်ဖြစ်ထွန်း ပေါက်ရောက်သည်။ ဧရာဝတီတိုင်းတစ်ခွင် ဓနိလုပ်ငန်း အများဆုံးအောင်မြင်ဖြစ်ထွန်းရာ ဒေသများမှာ မြောင်းမြမြို့နယ်၊ လပွတ္တာမြို့နယ်၊ ဘိုကလေးမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် ငပုတောမြို့နယ်တို့ ဖြစ်ကြသည်။

အများဆုံးထုတ်လုပ်

ထိုဒေသများသည် ဧရာဝတီတိုင်းအတွင်း ဓနိအများဆုံး ထုတ်လုပ်ရာ ဒေသများဖြစ်ပြီး ဓနိသည် ထိုဒေသများ၏ ရေမြေရာသီဥတုကို နှစ်သက်သည်။ ဤဒေသရာသီဥတုတွင် ပျော်မွေ့သည်။

အရေးပါဆဲ

ဓနိကို လူနေအဆောက်အအုံများ၊ ဈေးဆိုင်များ၊ သိုလှောင်ရုံများ၊ လယ်တဲများနှင့် ရုံးအဆောက်အအုံများတွင် သုံးစွဲနေဆဲဖြစ်သည်။ ဓနိ၏ ထူးခြားသော အာနိသင်ကြောင့် ကင်းကွာ၍ မရသေး။ အရေးပါနေဆဲ ဖြစ်ပါသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

အေရိုးဗစ်ကဲ့သို့ ကာယလေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ပေးခဲ့ပါလျှင် နှလုံးရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ဟုဆို

အေရိုးဗစ်ကဲ့သို့သော ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း နေ့စဉ်ပုံမှန်

ပြုလုပ်ခြင်းသည် နှလုံးသွေးကြောကျဉ်းရောဂါအပါအဝင် အခြားနှလုံးရောဂါများ ဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားသည်။

သွေးလည်ပတ်

အထူးသဖြင့် အမျိုးသမီးများအနေဖြင့် ခန္ဓာကိုယ် အစိတ်အပိုင်းအများအပြား လှုပ်ရှားမှုဖြစ်စေသည့်

စာမျက်နှာ ၇ ကော်လံ ၁ ■

နိုင်ငံတော်၏စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနေသည့် မကွေးတိုင်း ပခုက္ကူ ချည်မျှင်နှင့် အထည်စက်ရုံ

သတင်းမှတ်စု	-	တင်မာဝင်းနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း	-	မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု	-	ဝင်းချို

ရန်ကုန် ဧပြီ ၈

နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် တည်ရှိပေရာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ စက်မှုကဏ္ဍသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ●



9-4 (20).pmd 1 4/9/2009, 5:34 AM